မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၇ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ-ယမ်းလု ရထားလမ်းပိုင်း မြေသားလုပ်ငန်း၊ တံတားနှင့် မြေထိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၉ ကော်လံ ၂ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် မိုးနဲ-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ ကျိုင်းတုံ-ယမ်းလု ရထားလမ်းပိုင်း မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ် ဘူးသီးတောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ်ကား သဘာဝ ရေမြေတောတောင်တို့ဖြင့် လှပသည်။ ရှုလေတိုင်း တောင်တန်းများကား မျက်စိတစ်ဆုံး....။ သို့သော် ဖွံ့ဖြိုးမှု အလုပန်းများက ဝေဖြာနေပြီဖြစ်သည်။ စစ်တွေမြို့သို့ မကြာမီက တာဝန်ဖြင့်ရောက်ရှိခဲ့ရာမှ တိုးတက်မှု အလှတရားများ ပြည့်ဝနေသော ဘူးသီးတောင်မြို့နယ်နှင့် မောင်တောခရိုင်များသို့ လေ့လာရေးခရီး ဆက်ခဲ့သည်။ စာမျက်နှာ ၆ ကော်လံ ၁ ❐

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက်စဥ့်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ တစုတဝေးတည်း စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်ပင်များနှင့် နေကြာ၊ ပိုက်ဆံလျှော်ပင်များ အောင်မြင်ဖြစ်ထွန်းမှုကို ညှိသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း- သတင်းထောက်စဥ့်ကူစိုးဝင်း

AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ

မြန်မာ့လက်ရွေးစင်အသင်း ဘင်္ဂလားဒေ့ရှ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပသော AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ၁နာရီတွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ **စာမျက်နှာ ၁၂ ကော်လံ ၂** ✡

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်)

သစ်တောသယံဇာတများ တည်တံ့ဖြစ်ထွန်းရေး ထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်တွင် သဘာဝကျွန်းတောပေါက်ရောက်သော အဓိက လေးနိုင်ငံ၌ အိန္ဒိယ၊ ထိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့ ပါဝင်ကြသည်။ မြန်မာ့ကျွန်းသစ်သည် ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းအပွင့်ဆုံးသော ကျွန်းသစ်ဖြစ်သည်။ မြန်မာ့ကျွန်းသစ်ကို ရှေးမြန်မာမင်းများ လက်ထက် ကတည်းကပင် ထုတ်လုပ်ခဲ့ရာ ကျွန်းပင်ကို သင်းသတ်၍ အခြောက်ခံပြီး ခုတ်ယူသည့်စနစ်ကို ကျင့်သုံးခဲ့ခြင်းမှာ ယနေ့ကာလတိုင်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သစ်တောကြိုးဝိုင်းများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့် အဖိုးတန်သစ်များ ဧကပေါင်း ၈၂၆၀၀၀ ကျော်ကို စိုက်ပျိုးထားရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း ကျွန်းနှင့် အခြားသစ်မာများ စိုက်ပျိုးခွင့်ပြုထားရာ ယခုအခါ ပုဂ္ဂလိကပိုင်ကျွန်းနှင့် အခြားသစ်မာ စိုက်ခင်းဧက ၂၇၀၀၀၀ စိုက်ပျိုးထားရှိပြီး ဖြစ်သည်။

သဘာဝအလျောက် ကျွန်းသစ်ပေါက်ရောက်သော မြန်မာ့မြေ၌ ကျွန်းစိုက်ပျိုးရန်မြေဧကများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ များစွာ ဖြစ်ထွန်းလျက်ရှိသည်။ ယခုအခါ ကျွန်းအပါအဝင် သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ထုတ်လုပ်ခွင့်များကို ဥပဒေနှင့်အညီ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ဖက်စပ်အဖွဲ့အစည်းများအား စိုက်ပျိုးခွင့်ပြုလျက်ရှိသည်။

ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းကို အထောက်အကူပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း အသိဉာဏ်များ ပိုမိုတိုးပွားလာပြီး ဂေဟစနစ်များ ပျက်စီးယိုယွင်းမှုများကို ထိန်းသိမ်းကာကွယ်ခြင်း အကျိုးရလဒ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။

သစ်တောဦးစီးဌာနသည် အရည်အသွေးမီ မျိုးကောင်းမျိုးသန့် ကျွန်းပင်များရရှိရန် အကောင်အထည်ဖော်လျက်ရှိပြီး ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀စီ စိုက်ပျိုးသွားရန် ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အဖိုးတန်သဘာဝသယံဇာတ ကျွန်းတောကြီးများကို ပိုင်ဆိုင်ထားရာ သဘာဝကျွန်းတောကြီးများ ရေရှည်တည်တံ့ ဖြစ်ထွန်းရေးနှင့် ဂေဟစနစ်များ ယိုယွင်းမှုမရှိရန် တိုင်းရင်းသားပြည်သူများက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရ မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၁၂ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဖတ်ကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာ လမ်းသစ်ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အတူ ဖေဖော်ဝါရီ ၁၃ရက်က စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ကြွယ်ပုံကျေးရွာသွားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြရာ ဒေသခံပြည်သူတစ်ဦးက လမ်းဖောက်လုပ်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဒေသခံတစ်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် လမ်းဖွင့်ပွဲအမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြကာ လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကြွယ်ပုံကျေးရွာ ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အလှူရှင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး စာသင်ဆောင်ရှိ စာသင်ခန်း များ၊ သင်ကြားသင်ယူမှု အထောက်အကူပြု ခန်းများအတွင်း ကျောင်းသား ကျောင်းသူ များ၏ စာပေသင်ကြားနေမှု အခြေအနေ များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြ သည်။

ကျေးဇူးတင်စကား

ဆက်လက်၍ အဆိုပါ ကျောင်းဝင်း အတွင်းရှိ ယာယီမဏ္ဍပ်၌ ကျောင်းဆောင် သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် မာတီမိဒီယာ တပ်ဆင်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပ ရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က အမှာစကား ပြောကြားကြပြီး ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အလှူရှင်က ကျောင်းဆောင် သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း များကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ် ရာ မြို့နယ်ပညာရေးမှူးက လက်ခံသည်။

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးနှင့် အလှူရှင်တို့က ကျောင်းအတွက် ကျောင်း စိမ်း၊ အားကစားပစ္စည်းများနှင့် သင်ထောက် ကူပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်တို့သည် ဖေဖော်ဝါရီ ၁၄ရက် တွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ဆင်ခြေ ကျေးရွာ၌ကျင်းပသည့် ညောင်တုန်း- ဒေါင်းမ-ဆင်ခြေကျေးရွာ လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးက ကျေးလက်လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကျေးလက်လမ်းကို အလှူရှင်နှင့် ဒေသခံ ရပ်မိရပ်ဖတစ်ဦးတို့ က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် လမ်းကြောင်း တစ်လျှောက် လမ်းပိုင်းအခြေအနေများကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်ပွဲ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် စစ်ကိုင်းမြို့နယ် ဒေါင်းမကျေးရွာ သို့ရောက်ရှိကြပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့် ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ ကျောင်းဆောင်သစ်ကို စစ်ကိုင်းတိုင်း ပညာ ရေးမှူးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ် အား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အဆိုပါ ကျောင်းယာယီမဏ္ဍပ်၌ ကျင်းပ သည့် ကျောင်းဆောင်သစ်ကို ပညာရေးဌာန သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းအခမ်းအနား၌ တိုင်းမှူးက အမှာ စကားပြောကြားပြီး တိုင်းမှူးနှင့် ဝန်ကြီး တို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းစိမ်းနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၀-၂-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(ရတနသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိ အသိရှိစေဖို့ (ကိုယ်ကျင့်တရားအလေးအနက်ထား) တေးပဒေသာ
၈:၄၀ ဘဝအသွင် ကဗျာ့အမြင် (ငှက်ကလေးများ၏တေးသံ) တေးပဒေသာ
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ်-ကလေးများအတွက် ပုံပြင်-**ဝက်မလေးပန်းပန်း**
၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာ နားဆင်စရာ (ကံ့ကော်တွေဝေလေတိုင်း) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၃၇)
၁၂:၂၀ ယဉ်ကျေးမှု အနုပညာ (ကြည်ညိုသဒ္ဒါပွားရမည့် မန်းရွှေစက်တော်)
၁၂:၃၀ ဟန်မျိုးစုံညီ တေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ဒုတိယနှစ်) ပညာရေးစီမံခန့်ခွဲမှု တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဓာတုဗေဒ)
၁၇:၀၀ လေလှိုင်းကြားကပဲ့တင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၅ Radio Internet(11)
၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ တေးပဒေသာ
၁၉:၁၅ သူ့အကြိုက်သူ့အသွင် (ဇူဇူးမောင်)
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (အမျိုးသမီးများနှင့် ဆေးလိပ်အန္တရာယ်) တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၂၄) (စီးပွားရေးနည်းလမ်း)
၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြေပုံမြို့နယ်အသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြေပုံမြို့နယ်အသင်း (ရန်ကုန်)၏ (၁၂)ကြိမ်မြောက် သင်းလုံးကျွတ်အစည်း အဝေးကို ဖေဖော်ဝါရီ ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ ဘက်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ ယင်းအစည်းအဝေးနှင့်အတူ အသက် (၇၅)နှစ်အထက် အသင်းဝင် သို့မဟုတ် အသင်းဝင်၏ မိဘ၊ အဘိုး အဘွားများအားပူဇော်ကန်တော့ခြင်း၊ ၂၀၀၈- ၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြ သော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အစီအစဉ်များ ကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ရန်ကုန် မြို့ရောက် မြေပုံမြို့နယ်သူ မြို့နယ်သားများ၊ မြေပုံမြို့နှင့် ဆက်နွယ်ပတ်သက်သူများ၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တစ်နည်းနည်းဖြင့် သိရှိပါကတက်ရောက် ကြပါရန်နှင့် အလှူငွေများကို ဦးမြသာ ဖုန်း-၀၁-၆၆၄၄၉၈၄၊ ဦးဘသိန်း ဖုန်း- ၀၁-၅၈၁၅၈၆၊ ဦးကျော်ညွှန့် ဖုန်း-၀၉- ၅၁-၇၆၂၀၅၊ ဦးထွန်းကျော် ဖုန်း-၀၁- ၅၄၆၂၄၅၊ ဦးမြင့်သိန်း ဖုန်း-၀၁-၅၄၄၅၄၆ နှင့် နီးစပ်ရာအမှုဆောင်များထံသို့ ဆက် သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အေးမေတ္တာလမ်း (အေးသာယာ) မြို့ပြကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းပြသကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့ ကျောက်ပန်းတောင်းမြို့နယ် ကန်သာယာကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ

ကျောက်ပန်းတောင်း၌ စက်ရေတွင်းသစ်ဖွင့်ပွဲများ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့သည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အင်တောကျေးရွာ၌ ကျင်းပသည့် စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက စက်ရေတွင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တွေ့ဆုံအားပေး

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် စက်ရေတွင်းသစ်မှ ရေဘုံပိုင်ခေါင်းများကို ဖွင့်လှစ်ပေးကြပြီး ရေခပ်လာကြသော ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကြသည်။

အဆိုပါ စက်ရေတွင်းကို နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ် ၁၃၈ ဒသမ ၄၇သိန်း၊ စည်ပင်သာယာရေးဘဏ္ဍာလီမိတက်၏ အလှူငွေကျပ် ၉၂ ဒသမ ၆၀သိန်း စုစုပေါင်းငွေကျပ် ၂၃၁ ဒသမ ၇သိန်းဖြင့် ကျေးရွာရှိ လူဦးရေ ၈၀၀ အတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့နယ် ကန်လွန်(မြောက်)ကျေးရွာ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက စက်ရေတွင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် စက်ရေတွင်းသစ်မှ ရေဘုံပိုင်ခေါင်းများကို ဖွင့်လှစ်၍ ရေခပ်လာကြသော ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကြသည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ စက်ရေတွင်းသစ်များ ဖွင့်လှစ်လိုက်သော ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာသည် သောက်သုံးရေခက်ခဲသော ဒေသများဖြစ်၍ ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ မန္တလေးတိုင်းခရီးစဉ်တွင် အဆိုပါ ကျေးရွာများကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန် မှာကြားချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်။

ဆောင်ရွက်ပေးခဲ့

အဆိုပါ စက်ရေတွင်းကိုလည်း နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ် ၉၅သိန်း၊ စည်ပင်သာယာရေးဘဏ္ဍာလီမိတက်၏ အလှူငွေကျပ် ၂၄ ဒသမ ဝ၄သိန်း စုစုပေါင်း ငွေကျပ် ၁၁၉ ဒသမ ဝ၄သိန်းဖြင့် ကျေးရွာရှိ လူဦးရေ ၇၀၀ခန့်အတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ကန်သာယာကျေးရွာ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ယင်းစက်ရေတွင်းကို နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ် ၁၁၇သိန်း၊ စည်ပင်သာယာရေးဘဏ္ဍာလီမိတက်၏ အလှူငွေကျပ် ၇၉ဒသမ ၈ဝသိန်း စုစုပေါင်းငွေကျပ် ၁၉၆ ဒသမ ၈ဝသိန်းဖြင့် ကျေးရွာရှိ လူဦးရေ ၂၀၀၀ခန့်အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ စက်ရေတွင်းသစ်များ ဖွင့်လှစ်လိုက်သော ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာသည် သောက်သုံးရေခက်ခဲသော ဒေသများဖြစ်၍ ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ မန္တလေးတိုင်းခရီးစဉ်တွင် အဆိုပါ ကျေးရွာများကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန် မှာကြားချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ် (မန္တလေး) ကလေးကျန်းမာပညာဌာနမှ ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာဖေသက်ခင်အား ယင်းဦးစီးဌာန ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှ စ၍ အစမ်းခန့်ထားလိုက်သည်။

မြဝတီရုပ်မြင်သံကြား

၁၉-၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၁၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၂၅	၅။	မဟာဂီတ ချိုကြည်မြ
၄း၃၀	၆။	၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ဇီဝဗေဒ)
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၁၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေခဲပြင်မရှိတော့တဲ့ အာတိတ်ဒေသ** (အပိုင်း-၅)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၃၀	၁၅။	**ရွှေ** ဟာသ ဇာတ်လမ်းတွဲ **ရွှေဖလားနဲ့ကြက်သားကိုင်** မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်၊ ကျော်ဇေသော်
၆း၅၀	၁၆။	စောင့်မျှော်ရှုစား ကြိုးပိုင်းစကား
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၂၀)(ဇာတ်သိမ်း)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	အမျိုးသားရေးတေးကဗျာ
	၂၂။	လျှပ်တစ်ပြက်
	၂၃။	ရှင်သန်နေသော သီချင်းများ တေးရေး-ကေအေတီ၊ Rခိုင်၊ ရွှေကျော်ကျော်၊ ဘိုဘို (အချစ်သို့တည်ရာ အပိုင်း-၂)
	၂၄။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၁၃)

ဂျိုင်း(ကော့ကရိတ်) မြစ်ကူး Pontoon တံတားဖွင့်ပွဲ

ဒုတိယဝန်ကြီး ဦးတင့်ဆွေ အခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ဂျိုင်း(ကော့ကရိတ်) မြစ်ကူး Pontoon တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

တံတားဖွင့်ပွဲ အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ နယ်မြေခံ တပ်မဌာနချုပ်မှ ဗိုလ်မှူးချုပ် တင်မောင်ဝင်းနှင့် ဗိုလ်မှူးချုပ်နေလင်း၊ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာသစ်တောက်ငှက် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်စိုးက တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံတိုင်းရင်းသားတစ်ဦးက တံတားတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် မြန်မာသစ်တောက်ငှက် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာတို့က Pontoon တံတားမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တံတားကို ဖြတ်သန်းကြည့်ရှု၍ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းနေမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးကာ တံတားထိပ်၌ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယခု ဖွင့်လှစ်လိုက်သော ဂျိုင်း(ကော့ကရိတ်)မြစ်ကူး Pontoon တံတားသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်းနှင့် ဂျိုင်း(ကော့ကရိတ်) ကြိုးတံတားတို့၏ မြောက်ဘက် ပေ ၃၀၀ အကွာတွင် တည်ရှိသည်။ ပင်မတံတားအရှည် ၆၂၉ပေ၊ ကျုံဒိုးဘက်ကမ်း ချဉ်းကပ်လမ်းအရှည် ပေ ၂၄၀၀နှင့် ဘားအံဘက်ကမ်း ချဉ်းကပ်လမ်း အရှည်ပေ ၂၂၀၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၃ပေ ၇လက်မ ရှိသည်။ တံတားအမျိုးအစားမှာ သံမဏိဖောတံတားဖြစ်ပြီး ရေလမ်းကင်းလွတ်နယ်မြေမှာ အမြင့် ၄ ဒသမ ၅ပေနှင့် အကျယ် ၁၂ပေ ရှိသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

တံတားဖွင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် ဂျိုင်း (ကော့ကရိတ်)မြစ်ကူး ဘေလီကြိုးတံတား ပြင်ဆင်ထိန်းသိမ်းထားရှိမှု ဂျိုင်း(ဇာသပြင်)တံတား၊ အတ္ထရံတံတားနှင့် သံလွင်တံတား (မော်လမြိုင်)တို့၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးရေး ကောင်းတုံရွာ၌ ဆွေးနွေး

ဖားအံ ဖေဖော်ဝါရီ ၁၈

ဖားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်သည် ဒုတိယဦးစီးမှူး ဒေါ်သီတာအေး၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးသက်ဦး၊ အငယ်တန်းစာရေး ဦးအောင်မင်းဦးတို့ လိုက်ပါ၍ ဇန်နဝါရီ ၂၃ရက် နံနက် ၁၁နာရီက ကောင်းတုံကျေးရွာသို့ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံကာ ဗလမင်းထင် စာကြည့်တိုက် အဆောက်အအုံကို အမြန်ဆုံးဆောက်လုပ်နိုင်ရေး ညှိနှိုင်း ဆွေးနွေးသည်။ ထို့နောက် စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ရရှိထားသော မြေနေရာနှင့် သစ် စုဆောင်းထားရှိမှုနှင့် အုတ်၊ သဲ၊ ကျောက် စုဆောင်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မွန်းလွဲ ၂နာရီတွင် စင်းခန်းကျေးရွာသို့ရောက်ရှိ၍ မိုးဆန်းပန်း စာကြည့်တိုက်ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက် ကော်မတီများနှင့် တွေ့ဆုံကာ စာအုပ်စာစောင်များရရှိရေး၊ ငွေပဒေသာပင်ရရှိရေး၊ ပရိဘောဂများရရှိရေး၊ စာကြည့်တိုက် အဆောက်အအုံ အမြန်ဆုံး ပြီးစီးရေးတို့ကို ညှိနှိုင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော ဖန်းခါးကုန်းကျေးရွာ ပြည်အလင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး ကော်မတီများနှင့် တွေ့ဆုံကာ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

အနာဂတ် ကာကွယ်ရေးဗျူဟာ လေကြောင်းစိုးမိုးရေး အရေးပါ

လန်ဒန် ဖေဖော်ဝါရီ ၁၈

ဗြိတိန်အစိုးရအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို ချွေတာရန်အတွက် ဂျက်လေယာဉ်များကို လျှော့ချရန်မသင့်ကြောင်း ဗြိတိန်လေတပ်ဦးစီးချုပ်က ဖေဖော်ဝါရီ ၁၆ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အဆိုပါ ကိစ္စရပ်နှင့်စပ်လျဉ်းသည့် ဗြိတိန်အစိုးရ၏ စီမံချက်သည် အငြင်းပွားဖွယ်ဖြစ်နေသည်ဟုဆိုသည်။ ခေတ်မီတိုးတက်နေသော သတင်းပြန်ကြားရေးခေတ်တွင် လေကြောင်းစိုးမိုးထားမှုကို လက်လွှတ်၍ရမည်မဟုတ်ကြောင်း လေတပ်ဦးစီးချုပ်စတီဖင်ဒေါ်တန်က နိုင်ငံတကာမဟာဗျူဟာ လေ့လာရေးဌာန၌ ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘရာဇီးနိုင်ငံ ပေါ်တိုအလက်ဂ်မြို့ ရိုးရာပွဲတော်၌ တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအထိမ်းအမှတ်အဖြစ် မဟာတံတိုင်းကြီး ပုံစံငယ်ကို အလှပြယာဉ်ဖြင့် သယ်ဆောင်လာသည်ကို ဖေဖော်ဝါရီ ၁၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ရုရှားလက်နက်တင်ပို့မှုဝင်ငွေ နှစ်စဉ် ၁၀ဘီလီယံရှိမည်

မော်စကို ဖေဖော်ဝါရီ ၁၈

ရုရှားနိုင်ငံ၏ လက်နက်တင်ပို့မှုသည် လာမည့်နှစ်အနည်းငယ်အတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ စုစုပေါင်း ၁၀ ဘီလီယံခန့်ရှိလိမ့်မည်ဟု ရုရှားနိုင်ငံ၏စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးမှူးက ဖေဖော်ဝါရီ ၁၅ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံမှ လက်ရှိလက်နက်မှာယူမှုဆိုင်ရာ ငွေကြေးပမာဏသည် အမေရိကန်ဒေါ်လာ ၃၄ဘီလီယံခန့်ရှိမည်ဟု ရုရှားနိုင်ငံ၏ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲ မီခေးလ် ဒီမီထရီယက်ဗ်က ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

မျှော်လင့်

ယခုနှစ်တွင် လက်နက်မှာယူမှု သိသိသာသာ တိုးမြင့်လာမည်ဟု မျှော်လင့်ရကြောင်းဖြင့်လည်း ဒီမီထရီယက်ဗ်က ပြောကြားသည်။

တိုက်တွန်း

ရုရှားလက်နက်ဆိုင်ရာ မူပိုင်ခွင့်ကို ကာကွယ်သွားနိုင်ရန်လည်းကောင်း၊ ပြည်တွင်းပြည်ပဈေးကွက်သို့ လက်နက်ရောင်းချမှုအခြေအနေကို ထိန်းသိမ်းရန်လည်းကောင်း၊ ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဟေတီနိုင်ငံတွင် မြေပြိုမှု စာသင်ကျောင်းပျက်စီး

ပို့အော်ပရင့်စ် ဖေဖော်ဝါရီ ၁၈

ဟေတီနိုင်ငံ ငလျင်ဒဏ်ခံရသည့် မြောက်ပိုင်းဒေသတွင် မိုးဆက်တိုက်လေးရက်ရွာသွန်းပြီး မြေပြိုကျသဖြင့် စာသင်ကျောင်းတစ်ကျောင်းပျက်စီးခဲ့ပြီး ကလေးငယ်လေးဦးထက်မနည်း သေဆုံးသည့်အပြင် အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ဖော်ပြပါရှိသည်။

အဆိုပါ စာသင်ကျောင်းသည် ပို့အော်ပရင့်စ်မြို့တော် မြောက်ပိုင်း ကက်-ဟီတီယန်ဒေသတွင် တည်ရှိသည်။

ပြိုကျ

ဖေဖော်ဝါရီ ၁၅ရက်၌ စာသင်ကျောင်းပြိုကျခြင်းမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ဖြစ်သည်ဟု ပြည်သူ့ကာကွယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်ဒေသ၌ ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1) ရောဂါဖြစ်ပွားမှု ဂျော်ဂျီယာ၌ သေဆုံးသူ ၃၁ဦးရှိ

ဘီလီဆီ ဖေဖော်ဝါရီ ၁၈

ဂျော်ဂျီယာနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေ ၃၁ ဦးအထိ ရှိသွားပြီဖြစ်သည်ဟု ဂျော်ဂျီယာနိုင်ငံ ရောဂါထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်သည်။

အသက် ၃၂နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသွားရသည်ဟုလည်း အဆိုပါဌာန၏ သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ယခုအချိန်အထိ ဂျော်ဂျီယာဓာတ်ခွဲခန်းက အတည်ပြုပေးထားသည့် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမှာ ၁၂၇၉ ဦးရှိသွားပြီဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀က ဝိုင်အရည်ညှစ်စက် အစ္စရေးအလယ်ပိုင်းတွင် တူးဖော်တွေ့ရှိ

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၈

အစ္စရေးနိုင်ငံအလယ်ပိုင်းတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀က အသုံးပြုခဲ့သော ရှေးဟောင်းဝိုင်(စပျစ်)အရည်ညှစ်စက် ကိရိယာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အစ္စရေးရှေးဟောင်းပစ္စည်း သုတေသနအာဏာပိုင်အဖွဲ့ (အိုင်အေအေ)က ဖေဖော်ဝါရီ ၁၅ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဝိုင်(စပျစ်)အရည်ညှစ်စက်သည် ခြောက်ရာစုနှင့် ခုနစ်ရာစုကာလအတွင်း ဝိုင်အရည်ညှစ်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းဖြစ်ကြောင်း၊ ယင်းဝိုင်အရည်ညှစ်စက်ကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တောင်ဘက် ကီဘုဇ်ဟာဖက်ဟိမ်းဒေသအနီး၌ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ယင်းဝိုင်အရည်ညှစ်စက်သည် အစ္စရေးနိုင်ငံတွင် တွေ့ရှိရသည့် ဝိုင်အရည်ညှစ်စက်များအနက် အကြီးဆုံးဖြစ်သည်ဟု အိုင်အေအေ ရှေးဟောင်းသုတေသန ပညာရှင်များက ယူဆကြောင်း သတင်းရရှိသည်။

ပြောကြား

ယင်းဝိုင်အရည်ညှစ်စက်သည် ပြည်တွင်းသုံးဝိုင်များ ထုတ်လုပ်ရန် မဟုတ်ဟုယူဆရကြောင်း ရှေးဟောင်းပစ္စည်းများ တူးဖော်ရေး ညွှန်ကြားရေးမှူး အူဇီအက်စ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာတာနိုင်ငံ ဒိုဟာမြို့၌ နှင်းများထူထပ်စွာကျဆင်းသဖြင့် ယာဉ်ကြောပိတ်ဆို့နေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အင်ဒို ရေပိုင်နက်အတွင်း အာဖဂန်ဒုက္ခသည်များ ဖမ်းမိ

ဂျကာတာ ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ် ရေပိုင်နက်အတွင်း တရားမဝင်ရောက်ရှိလာသူ အာဖဂန်ဒုက္ခသည် ၁၃ ဦးအား ဖေဖော်ဝါရီ ၁၆ရက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ရက်တွင် အင်တာရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပို့ဆောင်ပေး

အဆိုပါခိုးဝင်ရောက်လာသူများမှာ အမျိုးသားများဖြစ်ပြီး မလေးရှားနိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ သယ်ယူပို့ဆောင်ပေးသည့် ငါးဖမ်းစက်လှေပေါ်၌ ဖမ်းဆီးမိခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အိန္ဒိယ တိုက်လေယာဉ် ပျက်ကျ လေယာဉ်မှူးသေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၁၈

အိန္ဒိယလေတပ်ပိုင် မစ်-၂၇ အမျိုးအစား တိုက်လေယာဉ်တစ်စင်းသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်၌ ဖေဖော်ဝါရီ ၁၆ ရက်က ပျက်ကျသဖြင့် လေယာဉ်မှူးသေဆုံးသွားကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ပျံတက်

အဆိုပါတိုက်လေယာဉ်သည် ပျံတက်သွားပြီး ရုတ်တရက် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ အနောက်ဘင်္ဂလားပြည်နယ် ဆီလီဂူရီခရိုင်ရှိ လေတပ်အခြေစိုက်စခန်းမှနေ၍ ပျံတက်လာခြင်းဖြစ်ကြောင်းဖြင့်လည်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

လေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး အက်စ်ဝါးလ်အနေဖြင့် လေထီးဖြင့်ခုန်ဆင်းရန် ပျက်ကွက်ခဲ့သဖြင့် ယင်းကဲ့သို့ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုတိုက်လေယာဉ်ပျက်ကျမှုသည် ၂၀၀၉ ခုနှစ် မေလနောက်ပိုင်းတွင် အိန္ဒိယလေတပ်၌ တတိယအကြိမ်မြောက် ပျက်ကျမှုဖြစ်ကြောင်း၊ ယခင်နှစ်ကြိမ်ပျက်ကျရာတွင် လေယာဉ်မှူးများ အသက်မသေဘဲ လွတ်မြောက်ခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်နိုင်ရေး စင်ကာပူ ကြိုးစားအကောင်အထည်ဖော်နေ

စင်ကာပူ ဖေဖော်ဝါရီ ၁၈

စင်ကာပူနိုင်ငံသည် နောင်လာမည့်နှစ်များတွင် စင်ကာပူနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ပိုမိုလာရောက်ရန် ဆွဲဆောင်သည့် ကြိုးပမ်းမှု၏တစ်စိတ်တစ်ဒေသအဖြစ် ယင်း၏ကာစီနိုကစားရုံနှစ်ရုံအနက် ပထမတစ်ရုံကို ဖေဖော်ဝါရီ ၁၄ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဖွင့်လှစ်

ဖေဖော်ဝါရီ ၁၄ရက်၌ စတင်ကျရောက်သော တရုတ်နှစ်သစ်ကူးပွဲတော် ပထမနေ့ဒေသစံတော်ချိန် ညသန်းခေါင်ကျော် ၁၂နာရီ ၁၈မိနစ် မင်္ဂလာချိန်တွင် ဆန်တိုဆာကမ္ဘာ့အပန်းဖြေစခန်း၌ ပထမကာစီနိုကစားရုံကို ဖွင့်လှစ်ပေးလိုက်ကြောင်းလည်း သိရသည်။

တည်ဆောက်

ဆန်တိုဆာကမ္ဘာ့အပန်းဖြေစခန်းသည် ကမ္ဘာပေါ်တွင် ကြီးမားကျယ်ပြန့်ပြီး တန်ဖိုးကြီးသော ဘက်စုံကစားရုံကြီးဖြစ်သည်။ စင်ကာပူဒေါ်လာ ၆ဒသမ၅၉ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ဒသမ၆ဘီလီယံ) အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သုံးနှစ်အတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

၂၀၂၂ ခုနှစ်ဆောင်းရာသီ အိုလံပစ်ပွဲ ကွီဘက်မြို့၌ ကျင်းပရန်စီစဉ်

ဗန်ကူးဗား ဖေဖော်ဝါရီ ၁၈

ကနေဒါနိုင်ငံ ကွီဘက်မြို့တွင် ၂၀၂၂ခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားရန် စဉ်းစားနေကြောင်း ကွီဘက်ပြည်နယ် ဝန်ကြီးချုပ် ဂျိန်းခါရက်က ဖေဖော်ဝါရီ ၁၅ရက်တွင် ကြေညာသည်။

ကျင်းပ

၂၀၂၂ခုနှစ်တွင် ကွီဘက်မြို့၌ ဆောင်းရာသီအားကစားပွဲတော်ကို ကျင်းပခွင့်ရရန် စိတ်ကူးယဉ်ခွင့်ရသဖြင့် ကြည်နူးမိကြောင်း၊ ၂၀၂၂ ခုနှစ်သည် မင်္ဂလာရှိသောနှစ်ဖြစ်ကြောင်းဖြင့် ဂျိန်းခါရက်က ကွီဘက်နေ့ အထိမ်းအမှတ်ကျင်းပရေးအတွက် ဗန်ကူးဗား၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ကွီဘက်တွင် ၂၀၂၂ခုနှစ်၌ ဆောင်းရာသီအိုလံပစ်ပွဲတော်ကျင်းပနိုင်မည်ဟု ယူဆကြောင်း၊ လုပ်ငန်းအဖွဲ့တစ်ဖွဲ့သည် အိုလံပစ်ပွဲတော်ကျင်းပရေးအဖွဲ့ဝင်များနှင့် ဗန်ကူးဗားတွင် ယခုနှစ်အတွင်း အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း ဂျိန်းခါရက်က ပြောကြားသည်။

ယူဆ

ကွီဘက်သည် ဆောင်းရာသီ အိုလံပစ်ပွဲတော် ကျင်းပရေးအတွက် အံဝင်ခွင်ကျဖြစ်အောင် စီစဉ်ထားသဖြင့် အဆင်ပြေချောမွေ့မည်ဟု ယူဆကြောင်းဖြင့်လည်း ပြောကြားသွားသည်။

ရှေးအကျဆုံး

ကွီဘက်သည် မြောက်အမေရိကတိုက်တွင် ဥရောပတိုက်သားများ ရှေးအကျဆုံး အခြေချနေထိုင်ခဲ့ရာ မြို့တစ်မြို့ဖြစ်သည်။ ထို့အပြင် ယင်းမြို့သည် ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ မွန်ထရီယယ်မြို့ပြီးလျှင် အဆိုပါပြည်နယ်၌ လူဦးရေအများဆုံးမြို့လည်း ဖြစ်သည်။ **(အင်တာနက်)**

မိတ္ထီလာ-ကလော-တောင်ကြီးလမ်း အဆင့်မြှင့်ပြုပြင်မှု

ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၆ရက် ညနေပိုင်းက တောင်ကြီးမြို့မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာပြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း လမ်းပိုင်းအလိုက် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၅/၀)ရှိ ယင်းမာပင်လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တောင်ပေါ်ဒေသ လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက မိတ္ထီလာ-ကလော-တောင်ကြီး လမ်းအပိုင်း (၁၁၅/၂)မိုင်၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းအပိုင်း (၁၆/၁)မိုင်နှင့် သာစည်-သပြေဝ လမ်းအပိုင်း(၉/၂)မိုင် စုစုပေါင်း (၁၄၀/၅)မိုင် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အပိုင်းလိုက်ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက လမ်းကိုအပိုင်းလိုက်ခွဲ၍ တာဝန်ပေးဆောင်ရွက်သွားရေး၊ လမ်းအလုပ်သမားများ ပြည့်စုံလုံလောက်စွာဖြင့် ဆောင်ရွက်သွားရေး၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရေး၊ လမ်းအင်္ဂါရပ်များနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်သွားရေးနှင့် မိုးတွင်းအပျက်အစီးဖြစ်နိုင်သော နေရာများအား ကြိုတင်အားဖြည့်ဆောင်ရွက်ထားရေးတို့ကို မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အော်ထရွန် နားကြားကိရိယာ အရောင်းခန်းမသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အော်ထရွန် နားကြားကိရိယာ AUTRON Hearing Care Centre အရောင်းခန်းမသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအနီး F.M.I Shopping Centre လေးလွှာ အခန်း ၂၆/၂၇၌ ကျင်းပသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နားကြားကိရိယာများကို ၁၀ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချပေးခြင်းနှင့် နားလေးနှုန်းတိုင်းတာပေးခြင်း၊ စမ်းသပ်ပေးခြင်းတို့ကို ဖေဖော်ဝါရီ ၆ရက်မှ ၁၇ရက်အထိ အခမဲ့ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထပ်မံတိုးချဲ့

AUTRON အမှတ်တံဆိပ် နားကြားကိရိယာများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ချိ၍ နားကြားကိရိယာဆိုင်ကို ရန်ကုန်မြို့၌ ၁၉၉၀ခုနှစ်မှ စတင်ကာ ရွှေဘုံသာအထက်လမ်း အမှတ် ၃၇၇ ပန်းဘဲတန်းမြို့နယ်နှင့်မန္တလေးမြို့ အခန်း(၄၀၃/ ၄၀၄) လေးလွှာ IT Zone ဈေးချိုပလာဇာတွင်လည်းကောင်း၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ နား၊နှာခေါင်း၊ လည်ချောင်းဆေးရုံများ၌ လည်းကောင်း၊ စမ်းသပ်တပ်ဆင်ရောင်းချခဲ့ရာမှယနေ့ F.M.I Centre တွင် အရောင်းခန်းမ ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပြီး အရောင်းခန်းမသည် စင်ကာပူနိုင်ငံ အခြေစိုက် SIEMENS ကုမ္ပဏီကချီးမြှင့်သည့် Professional Excellence Award ဆုကို ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ်တို့အတွက် နှစ်နှစ်ဆက်တိုက်ရရှိထားကြောင်း သိရသည်။

ဆောင်ရွက်ပေးလျက်ရှိ

အရောင်းခန်းမတွင် ဂျာမနီနိုင်ငံ SIEMENS ကုမ္ပဏီ၏အသိအမှတ်ပြု Hearing Care Professional ပညာရှင်များက နားလေးနှုန်းတိုင်းတာပေးခြင်း၊ နားလေးနှုန်းစမ်းသပ်ပေးခြင်းနှင့်မည်သည့်အကြောင်းကြောင့် နားလေးသည်ဖြစ်စေ နားလေးသူ လူကြီး၊ လူငယ်၊ ကလေးများအတွက် အထိရောက်ဆုံးနှင့် အသင့်တော်ဆုံးသော နားကြားကိရိယာများကို စနစ်တကျရွေးချယ်တပ်ဆင်ပေးခြင်းဖြင့် မျက်စိအဆုံး၊နားအရှုံး ဆိုသကဲ့သို့ မြန်မာနိုင်ငံပြည်သူများအနေဖြင့် ကမ္ဘာ့လူဦးရေ၏ ခုနစ်ရာခိုင်နှုန်း နားလေးမှုများ ခံစားရခြင်းအထဲတွင် မပါဝင်စေရန် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဂျာမနီနိုင်ငံတွင် ပြုလုပ်သော SIEMENS တံဆိပ် ကွန်ပျူတာပရိုဂရမ်သုံး အဆင့်မြင့် Digital နောက်ဆုံးပေါ် လူမမြင်နိုင်သော နားအတွင်းထည့်သွင်းနိုင်သည့် နားကြားကိရိယာများနှင့် နားအနောက်တွင်ချိတ်၍ တပ်ဆင်ရ လွယ်ကူသော နားကြားကိရိယာများကိုလည်း အထူးစမ်းသပ် တပ်ဆင်ပေးလျက်ရှိကြောင်း၊ နားကြားကိရိယာဝယ်ယူလိုပါက ရန်ကုန်မြို့၌ ဖုန်း-၀၁-၂၄၀၄၀၀၊ လိုင်းခွဲ ၁၄၂၆၊ ၁၄၂၇၊ ၀၁-၃၈၅၂၄၅၊ ၀၁-၂၄၃၆၄၄၊ မန္တလေးမြို့၌ ဖုန်း-၀၉-၆၈-၀၆၃၀၈၊ ၀၉-၂၀-၃၀၇၂၄တို့သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (အဖိတ်နေ့)

၁၉-၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ ကြေးမုံရိပ်သွင်တေးနယ်ည
- ၈:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၇။ **စံချိန်မီလို့ လူကြိုက်များ စတီးလ်ပစ္စည်းမှာ တိုက်ဂါး**
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ နှောင်းခေတ်တေးပဒေသာ
- ၄:၂၅ ၃။ **မေတ္တာရေအမြင့် တင့်လေသည့် ရွှေကြာ**
- ၄:၄၀ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
- ၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ မြန်မာစာ မြန်မာစကား
- ၅:၁၅ ၇။ တေးဂီတအစီအစဉ်
- ၅:၃၀ ၈။ ပဋ္ဌာန်းလက်ကျောင်းတော်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၂)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)
- ၁၅။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(မန္တလေးတိုင်း)
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၉)
- ၁၉။ သီချင်းချစ်သူ(အေသင်ချိုဆွေ)
- ၂၀။ အစီအစဉ်ပြီး၏။

ဖေဖော်ဝါရီ၉ရက်က မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ဌာပွဲတံတား ချဉ်းကပ်လမ်း (မြို့ပြငွေလုံး) လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးသိန်းတန် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် TV Guide ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

TV Guide စာစောင် အတွဲ(၁)၊အမှတ်(၃၃)ကို ဖေဖော်ဝါရီ ၁၉ရက်(သောကြာနေ့)တွင် ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုး၊ မြန်မာစကားပြောများဖြင့် ပြသနေပြီဖြစ်သည့် Multi Max ရုပ်သံလိုင်းတွင်ပြသမည့် အချစ်စစ်အချစ်မှန်၊ အချစ်တော်မင်းသားလေး၊ Urban Legend စသည့် ဇာတ်ကားများ အကြောင်းနှင့် တစ်ပတ်စာ အစီအစဉ်များ၊ MTV ရုပ်သံလိုင်းတွင်ပြသမည့် Asian Takeaway အစီအစဉ်တွင် ထုတ်လွှင့်တင်ဆက်မည့် S.H.E အဖွဲ့၏ အစီအစဉ်၊ Avril Lavigne ၏ စင်မြင့်ဖျော်ဖြေမှုများကို တင်ဆက်ပေးမည့် World Stage၊ Channel V ရုပ်သံလိုင်းတွင် ပြသမည့် [V] Tunes: JK POP-4 Minutes၊ မြန်မာစာတန်းထိုးများဖြင့်ပြသမည့် Marley & Me, Juno, Mrs. Doubtfire, Transporter 3 စသည့်ရုပ်ရှင်ကား Hilight များပါဝင်သည့် Star Movies ရုပ်သံလိုင်း၊ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် အဲဗာတန်-မန်ယူ၊ ပို့စ်မောက်-စတုတ်စီးတီး၊ ဘလက်ဘန်း-ဘော်လ်တန်၊ အာဆင်နယ်-ဆန်းဒါးလန်း၊ မန်စီးတီး-လီဗာပူး၊ ဝုဖ်-ချယ်လ်ဆီး၊ ဗီလာ-ဘန်လေ၊ မန်ယူ-ဝက်စ်ဟမ်း၊ ဝီဂန်-စပါး ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် တင်ဆက်ပေးမည့် Lemur of Madagascar နှင့် Venom Er အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့်တင်ဆက်မည့် Bizarre Foods With Andrew Zimmern နှင့် World Cafe' Asia: Penang၊ အစီအစဉ်အားလုံးကို မြန်မာစကားပြော၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များ၊ Discovery ရုပ်သံလိုင်းတွင် မြန်မာစာတန်းထိုးများဖြင့် တင်ဆက်ပေးမည့် ရာသီဥတုဆိုးရွားမှုများကို တင်ဆက်ပေးနေသည့် Rampage: Weather Rampage၊ ကမ္ဘာ့အရပ်အရှည်ဆုံး လူသားအကြောင်း တင်ဆက်ထားသည့် My Shocking Story၊ Mandalay FM မှ အစီအစဉ်များ၊Free Channel ဖြစ်သည့် MRTV-4ရုပ်သံလိုင်းတွင် ပြသမည့် Romantic ကမ်းခြေအမည်ရ FMF အစီအစဉ်များ ပါဝင်ပြီး ရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။ TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကြွင်း မီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပုသိမ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ပုသိမ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃-စီရှိ ဧရာဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်သည်။

လှိုင်(ရေကြောင်း) ဆဌမအကြိမ်မြတ်ဆရာပူဇော်ပွဲ

လှိုင်(ရေကြောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဓနမွှာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အထက(၆) ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

အထက(၆) ဗိုလ်တထောင်(ယခင်စိန့်ပေါလ်ကျောင်း)တွင် ၁၉၆၅မှ ၂၀၀၉ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့် အငြိမ်းစား ယူသွားသော ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများတက်ရောက်ရန် နှိုးဆော်ထားသည်။

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူများနှင့် အသင်းဝင်ကုမ္ပဏီများသို့ ဖိတ်ကြားထားသည်။

သုံးခွမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

သုံးခွမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မိမိကိုယ်ကိုတည်ဆောက်ခြင်းဟောပြောပွဲ တက်ရောက်နိုင်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ မိမိကိုယ်ကို တည်ဆောက်ခြင်းခေါင်းစဉ်ဖြင့် စာရေးဆရာမ မစန္ဒာက ဟောပြောမည် ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဆရာဝန်အသင်း Project Management Unit က ကြီးမှူးဖွင့်လှစ်မည့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၃၈၀၈၉၉နှင့် ၃၉၄၁၄၁(လိုင်းခွဲ-၁၁၉)တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

အိုင်တီအလုပ်အကိုင်အခွင့်အလမ်း ဟောပြောမည်

လူငယ်များအတွက် သတင်းအချက်အလက်ဆိုင်ရာနှင့် စပ်လျဉ်းသော အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် ကွန်ဖရင့်ဟော၌ ကျင်းပမည် ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၆၆၈၇၇၉နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ် တက်ရောက်နိုင်သည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ တော်ဝင်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ငွေဆောင်ကမ်းခြေ(၁၀)နှစ်ပြည့် ဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)မှ ကျင်းပမည့် ကမ်းခြေ(၁၀)နှစ်ပြည့် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မည်သည့်ကင်မရာနှင့်မဆို ဓာတ်ပုံလေးပုံ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မတ် ၁ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်း ၂၇/၂၉၊ ၃၅လမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။ //

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

❐ *ရွှေဖုံးမှ*

အောင်တံခွန်(၄)သင်္ဘောဖြင့် စစ်တွေမြို့ ဆတ်ရိုးကျချောင်း ဘူးသီးတောင်ဆိပ်ကမ်းမှ နံနက် ၇နာရီခွဲတွင် ထွက်ခွာခဲ့သည်။

ရာသီဥတုအေး

ည ၇နာရီခန့် ဘူးသီးတောင်ဆိပ်ကမ်းသို့ရောက်သည်။ ရာသီဥတုအေးနေပြီး လာကြိုသူများနှင့်လွဲသဖြင့် သတင်းခရီးသည်ကို လိုက်ပို့သည့် စစ်တွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဦးမျိုးဝင်းနှင့်အတူ ဆိုက်ကားတစ်စီးဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရိပ်သာနှင့် ရုံးသို့ သွားရောက်သတင်းပို့သည်။

ရုံးတာဝန်ကျ ဒုတိယဦးစီးမှူး ဦးပြည်သိမ်းနှင့် ဝန်ထမ်းများက တည်းခိုရမည့် အခန်းသို့ ချက်ချင်းလိုက်ပို့ရာ လူမှုရေးလုပ်ငန်း ဝါသနာပါသည့် ပြင်ပလုပ်ငန်းရှင် ဦးညီပုနှင့် စာရေးဦးစိုးနိုင်တို့က ကူညီကြသဖြင့် ကျေးဇူးတင်ရသည်။

တွေ့ဆုံ

နောက်တစ်နေ့ နံနက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တွေ့ဆုံခဲ့သည်။

"ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်ဟာ ရခိုင်ပြည်နယ် အနောက်မြောက်ဘက် မြန်မာနိုင်ငံရဲ့ အနောက်တောင်ဘက်မှာ တည်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ ရေလုပ်ငန်းကို အဓိက အသက်မွေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိပါတယ်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ စီမံကိန်းမူဝါဒများကို ဦးတည်ချက်များနှင့်အညီ အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ရဲ့ ကွပ်ကဲမှုကိုခံယူပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ပြည်သူများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းသာယာရေးတို့အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်ဥက္ကဋ္ဌက ခရီးသည်ကို ရှင်းပြသည်။

ဖွံ့ဖြိုးတိုးတက်ခဲ့

တစ်ဆက်တည်းမှာပင် စာရေးဝန်ထမ်း ဦးကျော်ညွန့်နှင့် ဦးသန်းအေးတို့က သတင်းခရီးသည် ဓာတ်ပုံရိုက်လိုသည့် နေရာများနှင့် တွေ့ဆုံလိုသူများကို ချက်ချင်းစီစဉ်ပေးသဖြင့် အချိန်တိုအတွင်း လုပ်ငန်းများ ပြီးစီးသွား၍ ကူညီသူများအား ကျေးဇူးတင်ရသည်။ ဘူးသီးတောင်မြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုအဝဝကိုလည်း ကိုယ်တိုင် မြင်တွေ့လေ့လာခွင့်ရခဲ့သည်။ ဘူးသီးတောင်မြို့ကား ယခင်ကနှင့်မတူတော့ ဖွံ့ဖြိုးတိုးတက်ခဲ့လေပြီ။

ဘူးသီးတောင်မြို့နယ်သည် အရှေ့ဘက်တွင် ပလက်ဝမြို့နယ်နှင့် ကျောက်တော်မြို့နယ်၊ အနောက်ဘက်တွင် မောင်တောမြို့နယ်၊ မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရသေ့တောင်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ အရှေ့မှ အနောက်သို့ ၂၃ မိုင် ကျယ်ဝန်းကာ တောင်မှမြောက်သို့ ၅၄ မိုင် ရှည်လျားပြီး ဧရိယာစတုရန်း မိုင် ၇၈၀၊ ဧရိယာဧက ၄၉၉၁၉ ဧက ကျယ်ဝန်းပေသည်။

"ပြည်သူများနဲ့ ပေါင်းစပ်ညှိနှိုင်းကာ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်"

ဦးမျိုးတင့်ဇော်
ဥက္ကဋ္ဌ၊ ဘူးသီးတောင်မြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပန်းဟေဝန်စာကြည့်တိုက်ကို ဤသို့ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

(မြန်မာ့အလင်း)

မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၈အုပ်စုနှင့် ကျေးရွာပေါင်း ၃၉၉ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့ပေါ်တွင် အိမ်ခြေ ၂၉၃၅ အိမ်၊ လူဦးရေ ၂၀၃၃၉ဦးနှင့် ကျေးလက်အိမ်ခြေ ၃၆၈၆ အိမ်၊ လူဦးရေ ၂၆၇၂၃၄ ဦး စုစုပေါင်း လူဦးရေ ၂၈၇၀၀၀ကျော် နေထိုင်လျက်ရှိသည်။

ဘူးသီးတောင်မြို့နယ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက မြို့နယ်အတွင်း တိုင်းရင်းသားကျေးရွာများအဖြစ် ၁၉၉၀ ခုနှစ်တွင် ကထီးလုရွာ၊ ကျောက်စာတိုင်ရွာ၊ ၁၉၉၄ ခုနှစ်တွင် ကျွဲရိုင်းရွာ၊ ဝါးခုတ်ချောင်းရွာ၊ ၁၉၉၆ ခုနှစ်တွင် မင်းလှကိုင်းရွာ၊ ၁၉၉၉ ခုနှစ်တွင် သရဖီရွာ၊ ဂန္ဓမာရွာ၊ ၂၀၀၀ပြည့်နှစ်တွင် အင်ကြင်းမြိုင်ရွာတို့ကို တည်ထောင်ပေးခဲ့သည်။ ထို့ကြောင့် ဘူးသီးတောင်မြို့နယ်တွင် တိုင်းရင်းသားကျေးရွာများ စနစ်တကျ ပီပီပြင်ပြင် ဖြစ်ထွန်းလာခဲ့သည်။

ထုတ်ချေးခဲ့

၂၀၀၈ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးမည့် တောင်သူများသို့ တစ်ဧကလျှင် ငွေကျပ် ၅၉၁၅၀ဖြင့် ဧက ၄၀၀အတွက် ငွေကျပ် ၂၃၆သိန်းကျော်ကို နိုင်ငံတော်က ထုတ်ချေးခဲ့ပြီး ၂၀၀၉ခုနှစ်တွင် ငွေကျပ် ၁၉၉သိန်းကျော် ထုတ်ချေးခဲ့သည်။ ထိုသို့ နိုင်ငံတော်က စိုက်ပျိုးငွေများ ထုတ်ချေးမတည်ပေးခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် တောင်သူများအတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့ရသည်။

ဘူးသီးတောင်မြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုအမျိုးအစားတွင် ပါဝင်သည်။ မြို့နယ်အတွင်းရှိ မြေဧရိယာ ၄၉၉၁၉၁ ဧကအနက် အသားတင်စိုက်ပျိုးနိုင်သော မြေမှာ ၇၃၄၄၂ ဧက၊ သစ်တောကြိုးဝိုင်း ၂၀၆၉၈၄ဧက၊ စိုက်ပျိုးနိုင်သော မြေရိုင်း ၄၅၈၉၇ ဧကနှင့် စိုက်ပျိုးခြင်း မပြုနိုင်သောမြေ ၁၆၉၄၃၃ ဧကတို့ ပါဝင်သည်။

ဆန်ပိုလျှံ

၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါး ၇၉၇၀၆ ဧက စိုက်ပျိုးရာ တစ်ဧက ၇၃ ဒသမ ၀၈ တင်း ထွက်ရှိခဲ့ပြီး စုစုပေါင်း ၅၈၂၄၉၁၄ တင်း ထွက်ရှိခဲ့သည်။ နွေစပါး ၁၁၂၂၈ ဧကစိုက်ပျိုးရာ တစ်ဧက ၇၈ ဒသမ ၉၂ တင်း ထွက်ရှိခဲ့သဖြင့် စုစုပေါင်း ၈၈၆၁၀၄ တင်း ထွက်ရှိခဲ့သည်။ ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဘူးသီးတောင်နွေစပါးစိုက်ပျိုးမှု အထွက်နှုန်းမှာ အကောင်းဆုံးဖြစ်ပြီး ဝမ်းစာဖူလုံမှုမှာ ၁၄၂ ရာခိုင်နှုန်းဖြစ်သဖြင့် ရခိုင်ပြည်နယ်၌ ဆန်ပိုလျှံသော မြို့တစ်မြို့အဖြစ် ထင်ရှားသည်။

ပညာရေး

ဘူးသီးတောင်မြို့နယ်အတွင်း ပညာရေးကဏ္ဍကိုကြည့်လျှင် အထက သုံးကျောင်း၊ အထက(ခွဲ) နှစ်ကျောင်း၊ တွဲဖက်အထက နှစ်ကျောင်း၊ အလက ခြောက်ကျောင်း၊ အလကခွဲ လေးကျောင်း၊ အမက ၁၅၄ ကျောင်း၊ မူလွန်ကျောင်း ၁၆ ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ ၆၅၉၅၀ကို ကျောင်းအုပ်ဆရာကြီးများ အပါအဝင် ဆရာ ဆရာမ ၉၆၈ ဦးက သင်ကြားလျက်ရှိသည်။

ထိုသို့ ဆရာ ဆရာမများက စနစ်တကျ ကြပ်ကြပ်မတ်မတ် ပညာသင်ကြားပေးမှုကြောင့် ၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကို ၂၄၇ ဦး အောင်မြင်ပြီး ခြောက်ဘာသာဂုဏ်ထူး တစ်ဦး၊ ငါးဘာသာဂုဏ်ထူး တစ်ဦး၊ လေးဘာသာဂုဏ်ထူး တစ်ဦး၊ သုံးဘာသာဂုဏ်ထူး တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၁၀ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ဘူးသီးတောင်မြို့နယ်အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာပင် ဖြစ်သည်။

ပန်းဟေဝန်စာကြည့်တိုက်တွင် ဒေသခံပြည်သူများ ပညာဗဟုသုတ တိုးပွားစေရန် ရသစာပေမျိုးစုံအပါအဝင် သတင်းစာ၊ ဂျာနယ်များ သိုမီးထားရာ နေ့စဉ်လာရောက် စာပေဖတ်ရှုလေ့လာသူများ ဤသို့ စည်ကားလျက်ရှိသည်။

(မြန်မာ့အလင်း)

ကျန်းမာရေး

တစ်ဖန် ဘူးသီးတောင်မြို့နယ် ကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှုများကို ကြည့်လျှင် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ (တောင်ဘဇာ) တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၇ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန တစ်ခု၊ အဆုတ်ရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန တစ်ခုနှင့် ပုဂ္ဂလိကဆေးခန်း လေးခုတို့ရှိ ဆရာဝန် နှစ်ဦး၊ ကျန်းမာရေးမှူးအဆင့် တစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး ခြောက်ဦး၊ သူနာပြုကြီး တစ်ဦး၊ သူနာပြု ခုနစ်ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ လေးဦး၊ သားဖွားဆရာမ ၃၄ဦး၊ ကျန်းမာရေးကြီးကြပ်(၁) တစ်ဦး၊ ဘက်စုံကျောက်ထိုးဆရာ ခြောက်ဦးတို့က ဒေသတွင်းနေထိုင်သူများ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပြီး မြို့နယ်ဆေးရုံတွင် ငွေကျပ် ၆၃သိန်း၊ တောင်ဘဇာတိုက်နယ်ဆေးရုံတွင် ငွေကျပ် ၂၁သိန်းဖြင့် ဆေးပဒေသာပင်များ လှူဒါန်းစိုက်ထူထားသည်။

တစ်ဖန် ဘူးသီးတောင်မြို့နယ် ရွာမရွာ (ရခိုင်တိုင်းရင်းကျေးရွာ)သို့ ရောက်ခဲ့သည်။ ရွာမရွာသည် ဘူးသီးတောင်မြို့ မတည်မီကတည်းကရှိခဲ့သော ရှေးရခိုင်ရွာဖြစ်ကြောင်း သိရသည်။

တည်ဆောက်ခဲ့

ရခိုင်တိုင်းရင်းသား အများအပြားနေထိုင်သည့် ရွာမရွာသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေများဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ကြီးကြပ်ကာ ဒေသခံတိုင်းရင်းသားများ၏ လုပ်အားဖြင့် အလျား ၂၄ ပေ × အမြင့် ၁၂ပေ × အနံပေ ၁၄၀ ကွန်ကရစ်ခင်း အုတ်ကာ၊ သွပ်မိုး တစ်ထပ် စာကြည့်တိုက်ကို ၂၀၀၉ ခုနှစ် မတ် ၆ရက်က တည်ဆောက်ခဲ့သည်။ စာကြည့်တိုက်နာမည်က ပန်းဟေဝန်။

အဆိုပါ ပန်းဟေဝန်စာကြည့်တိုက်ကို ၂၀၀၉ ခုနှစ် မေ ၂၅ရက်တွင် ဆောက်လုပ်ပြီးစီးပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စာအုပ်ဗီရို၊ စာအုပ်စင်၊ စားပွဲ၊ ထိုင်ခုံများနှင့် အခြားအလှူရှင်များက သုတ၊ ရသစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်များ လှူဒါန်းခဲ့ကြသည်။ စာကြည့်တိုက်တွင် နေ့စဉ် စာဖတ်သူ၊ စာအုပ်ငှားသူများ မပြတ်တမ်းလာရောက်ကြောင်း သိရသည်။

သတင်းစာ

ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာ ၁၄၅ စောင် တာဝန်ယူဖြန့်ချိလျက်ရှိသဖြင့် ဒေသခံများအတွက် အဆင်ပြေလျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၈ အုပ်စုကို လစဉ် သတင်းစာတစ်စောင်စီ အခမဲ့ဖြန့်ဝေလှူဒါန်းရာ အောင်မြင်စွာ ပေးပို့နိုင်ခဲ့ကြောင်း မြို့နယ်စာကြည့်တိုက်မှူး ဒေါ်ခင်စောမိုးက ရှင်းပြသည်။

ရာသီမရွေး

ဘူးသီးတောင်မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ကြည့်လျှင်လည်း ဘူးသီးတောင်-တောင်ဘဇာ မော်တော်ကားလမ်းကို နိုင်ငံတော်မှ ရာသီမရွေး သွားလာနိုင်ရန် ပြန်လည်ပြုပြင် တည်ဆောက်နေသည်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးမြင့်ဆွေ၊ ဈေးတာဝန်ခံ ဦးအောင်အောင်တို့က လိုက်လံရှင်းလင်း ပြသသည်။

လွန်စွာထိရောက်

အလျား ၁၂ မိုင်၊ အကျယ် ပေ၁၂၀ ရှိသော ဘူးသီးတောင်-တောင်ဘဇာလမ်းမကြီးကား ထိုလမ်းပေါ်ရှိ ကျေးရွာအုပ်စု ငါးအုပ်စု၊ ရွာပေါင်း ၂၇ ရွာမှ အိမ်ခြေ ၄၄၁၇ အိမ်၌ နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အတွက် လွန်စွာထိရောက်သော နိုင်ငံတော်၏ ပံ့ပိုးကူညီမှုပင်ဖြစ်သည်။ ဘူးသီးတောင်-တောင်ဘဇာလမ်း ဖောက်လုပ်ပေးမှုကြောင့် ဒေသခံတိုင်းရင်းသားများ ပျော်ရွှင်မဆုံးဖြစ်နေကြပေပြီ။

အဆိုပါလမ်းတွင် မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်ခြင်း၊ ၂ မိုင် ၃ဖာလုံ၊ တံတားအသစ် ငါးစင်း တည်ဆောက်ခြင်း၊ တံတားဟောင်း ၁၈စင်းကို ပြုပြင်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နေပြီဖြစ်ပြီး လမ်းပိုင်းတစ်ခုလုံးတွင် အရှည်ပေ ၁၁၀ တံတား တစ်စင်း၊ အရှည်ပေ ၂၀၀ တံတားတစ်စင်းအပါအဝင် တံတား ၂၉စင်း ပါဝင်ကြောင်း သိရသည်။

စည်ကားနေ

ဘူးသီးတောင် မြို့မဈေးသည် ဆိုင်ခန်းပေါင်း ၆၉၈ ခန်းရှိပြီး ရွှေဆိုင်များ၊ ဒေသထွက်ကုန်များ၊ ပြည်တွင်းဖြစ် လူသုံးကုန်၊ အိမ်သုံးပစ္စည်းများ၊ နာရီအမျိုးမျိုးနှင့် စက်ကိရိယာများ၊ သားငါးဆိုင်များဖြင့် စည်ကားနေသကဲ့သို့ ပြည်တွင်းပြည်ပသို့ ဆက်သွယ်နိုင်သော တယ်လီဖုန်းများဖြင့်လည်း လှုပ်ရှားသက်ဝင်လျက်ရှိသည်။

လှပဝေဆာ

ဘူးသီးတောင်မြို့နယ်တွင် နိုင်ငံတော်က ကျေးသားရင်သား မခွဲခြားဘဲ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီညီ ဆောင်ရွက်နေမှုများကို တွေ့မြင်ခဲ့ရသည်။ မြို့ရွာများ အမြန်ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း ဘူးသီးတောင်မြို့နယ်သည် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးမှုဥယျာဉ်အတွင်းမှ အလှပန်းတစ်ပွင့်အဖြစ် လှပဝေဆာစွာနေပြီ ဖြစ်ပါကြောင်း သတင်းခရီးမြင်ကွင်းအဖုံဖုံကို တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဒုံးချောင်းကျေးရွာ ဒုံးချောင်းကွင်း နွေစပါးဧက ၂၀၀မှ တစ်ဆက်တည်း ၅၇ဧက သဘာဝရေဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်စိတစ်ဆုံးတွေ့မြင်ရသည်မှာ····။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ မီးသတ်စခန်းများ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဖေဖော်ဝါရီ ၁၃ရက် နံနက် ၈နာရီက နမ့်ဆန်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွက် CDMA ဖုန်း တစ်လုံးကို မြို့နယ်ဥက္ကဋ္ဌ ဦးငွေးလွင်ထံ ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ မြို့မီးလင်းရေးအတွက် ခနေအောင်ကုမ္ပဏီနှင့် ရွှေဆုပန်ကုမ္ပဏီတို့၏ လှူဒါန်းငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း၊ မီးဘေးသင့် အာရမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ကျောင်းဆောက်လုပ်ရန် အလှူငွေများကို လည်းကောင်း၊ ပန်စရီ အလယ်တန်းကျောင်း၊ တောင်ကျော် မူလတန်းလွန်ကျောင်း၊ ဟူးခင် အလယ်တန်းကျောင်းနှင့် မန်လွယ်မူလတန်းကျောင်းများသို့ ကွန်ပျူတာနှင့် သွပ်ပြားများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က နမ့်လင်း အလယ်တန်းကျောင်းခွဲသို့ သွပ်ပြားအချပ် ၁၀၀နှင့် တောင်မစာကြည့်တိုက်သို့ သွပ်ပြားအချပ် ၅၀တို့ကိုလည်းကောင်း၊ ဆေးဝါးပစ္စည်းများကို မြို့နယ်ဆရာဝန်ကြီးထံသို့ လည်းကောင်း ပေးအပ်သည်။

ထို့နောက် မီးသတ်ဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က ကိုယ်ဝန်ဆောင်မိခင်များအတွက် အားတိုးဆေးများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ ကောင်းဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုးက မြို့နယ်အတွင်းရှိ သံဃာတော်များအတွက် ဆေးဝါးများကို မြို့နယ်ဗုဒ္ဓသာသနာ့ ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် နမ့်ဆန်မြို့ မီးသတ်စခန်း အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ခန်းမ၌ မီးလင်းရေးကော်မတီနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၄ရက်တွင် သီပေါမြို့ မီးသတ်စခန်းသို့ ရောက်ရှိပြီး စခန်းသာယာလှပရေး၊ မီးသတ်ယာဉ်၊ စက်များကြံ့ခိုင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ပြီးစီးသွားသည့် မီးသတ်စခန်း အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးကာ အသစ်တည်ဆောက်မည့် နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာမြေနေရာကို သတ်မှတ်လျာထားပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ကျောက်မဲမြို့ မီးသတ်စခန်းသို့ သွားရောက်၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ မီးသတ်ယာဉ်၊ စက်ကြံ့ခိုင်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လေးယူနစ်မီးသတ်စခန်းသစ် တည်ဆောက်မည့် အခြေအနေနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန သိုလှောင်ရုံနှင့် အဆောက်အအုံ တည်ဆောက်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် ပြင်ဦးလွင်မြို့ မီးသတ်စခန်း၌ ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် မြေနေရာ၊ မန္တလေးမြို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် မြေနေရာ၊ ချမ်းအေးသာစံမြို့နယ် ဗဟိုမီးသတ်စခန်း၌ ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာနှင့် အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ မူလတန်းကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၃)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

သင်ကြားရေး၌ အရည်အချင်းပြည့်ဝပြီး စိတ်ရင်းစေတနာထားတတ်သည့်ဆရာဝန်များ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဖေဖော်ဝါရီ ၁၁ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်၊ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ ပါမောက္ခအထူးကုဆရာဝန်ကြီးများ၊ တွဲဖက်ပါမောက္ခ အထူးကုဆရာဝန်ကြီးများ၊ ကထိက အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ (ယာပုံ)

ဆွေးနွေးဆုံးဖြတ်

ရှေးဦးစွာ ဆေးရုံအုပ်ကြီးက မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး ကုသရေးဌာနများ၏ လုပ်ငန်းများ၊ အတွင်းလူနာနှင့် ပြင်ပလူနာ အခြေအနေများကိုတင်ပြရာ ဒုတိယဝန်ကြီးက သင်ကြားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝပြီး တိုင်းချစ်ပြည်ချစ်စိတ်ရှိ၍ စိတ်ရင်းစေတနာထားတတ်သည့် ဆရာဝန်များ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပေးရေး၊ ဆေးရုံသို့ ရောက်ရှိလာသော လူနာများအား နွေးထွေးပျူငှာစွာ ပြောဆိုဆက်ဆံကြရေး၊ လူနာများအား ဆေးကုသမှုပေးရာတွင် ဆရာဝန်များ အချင်းချင်းပူးပေါင်းတာဝန်ယူ ဆွေးနွေးဆုံးဖြတ်၍ ကုသရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၉ရက်တွင် ကျရောက်သည့် ဦးကျား(တရားရုံးချုပ်ရှေ့နေ)၏ သုံးနှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ သုမင်္ဂလာအိမ်ရာ သုနန္ဒာလမ်း သဃ်နီးကျွန်း မြို့နယ်နေ ဇနီး ဒေါ်အုန်းခင်၊ သမီး ဗိုလ်မှူးကြီးနွယ်နွယ်ဝင်း (ဆေးကုသမှုပါရဂူ) ပါမောက္ခ/ဌာနမှူး ဦးနှောက်နှင့် အာရုံကြောဌာန၊ သား ဗိုလ်မှူးမင်းဇော် (ငြိမ်း)- ဒေါ်ချိုချိုဦး (ရက္ခဗေဒကထိက)၊ မြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘဉာဏ်လက်ခံယူစဉ်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များအတွက် သတင်းစာများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးသည် ကျေးရွာစာကြည့်တိုက်များအတွက် စာပေအလှူရှင်များထံမှ စာအုပ်စာစောင်များကို အလှူခံလျက်ရှိရာ ဖေဖော်ဝါရီ ၅ရက် မွန်းလွဲပိုင်းက ခရိုင်ရုံးစာကြည့်တိုက်သို့ ကျောက်တံတားမြို့ အမှတ် ၁၈၆ ၃၇ လမ်းနေ ဦးဘဘူလေး(ခ)ဦးထွန်းဝင်း (ပုလဲနက်ပါဝါရှပ်အင်္ကျီရောင်းဝယ်ရေး)က ငွေကျပ် ၇၀၈၀၀ တန်ဖိုးရှိသော ကြေးမုံသတင်းစာ ခြောက်နှစ်နှင့် ခြောက်လစာ စောင်ရေ ၂၃၆၀စောင်ကို ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးထံ ပေးအပ်လှူဒါန်းသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

အရန်သားဖွားဆရာမသင်တန်း နေပြည်တော်လယ်ဝေး၌ဖွင့်

နေပြည်တော်လယ်ဝေး ဖေဖော်ဝါရီ ၁၈

ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်လယ်ဝေးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၁၀နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်လယ်ဝေးမြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးကိုက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းနှင့်ပတ်သက်သော အချက်များကို ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၀ဦး တက်ရောက်ကြပြီး သင်တန်းကာလ ခြောက်လကြာ စာတွေ့လက်တွေ့ ဆွေးနွေးပို့ချ သွားမည်ဖြစ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်မှူး မြိတ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းမြင့်သည် ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် မြိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုအခြေအနေနှင့် ကျောင်းဝင်းအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ညွှန်ကြားရေးမှူးသည် ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းတွင် မြိတ်မြို့နယ် တောင်းရှည်- နန်းတော်ရာလမ်း ခြောက်မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယင်းလမ်းပေါ်ရှိ တံတားများကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ညနေပိုင်းတွင် မြိတ်ဒေသအတွင်း နယ်စပ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ယာဉ်၊ ယန္တရားများ ကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(နယ်စပ် /စည်ပင်)**

စာပေဗိမာန်စာမူဆုရ မြမြစ်နဒီစာအုပ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည် ပထမဆုရ သုသိဏ်ရေးသားသည့် မြမြစ်နဒီစာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ရေးဖွဲ့ထား

၎င်းစာအုပ်တွင် ရန်ကုန်မှ ဧရာဝတီတိုင်းသို့သွားသော သင်္ဘောများမှ သင်္ဘောသားတို့၏ ဘဝနှင့်စရိုက်၊ အညာကျေးလက်နေ ပြည်သူတို့၏ ဝမ်းရေးနှင့် ဘဝတိုးတက်ရေး လှုပ်ရှားမှု၊ လူငယ်တစ်ယောက်၏ဘဝကို အရှုံးမပေးဘဲ နည်းမှန်၊ လမ်းမှန် ကြိုးပမ်းအောင်မြင်ခဲ့ပုံတို့ကို မေတ္တာဘွဲ့ဇာတ်လမ်းတစ်ပုဒ်အဖြစ် ရသမြောက် ဖန်တီးရေးဖွဲ့ထားသည်။ ထို့အပြင် ရေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ဗဟုသုတဖြစ်ဖွယ် ထည့်သွင်းရေးဖွဲ့ထားသည်။

ဝယ်ယူနိုင်

အဆိုပါ စာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း
မြဲတမ်း မီးသတ်ပြု

✻ ကျောဖုံးမှ

ထိုသို့ဆောင်ရွက်ရာတွင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီးရှိ ဝါရှောင်ရေလွှဲဆည်မှရေကို အသုံးပြု၍ ဒေသခံတောင်သူများ နွေစပါး စိုက်ပျိုးမည့် အစီအစဉ်လည်း ပါဝင်သည်။ ဝိုင်းမော်မြို့နယ်မှ ကျေးရွာ ၁၂ရွာသည် ဝါရှောင်ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်း ပါဝင်ကြသည်။

ဝါရှောင်ရေလွှဲဆည်ကို ၁၉၆၂-၆၃ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၆၆-၆၇ ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သည်။ မြန်မာအင်ဂျင်နီယာများနှင့် ယူဂိုဆလားဗီးယားနိုင်ငံ အီလက်ထရိုစီမံကိန်း (Electro Project) အတိုင်ပင်ခံအဖွဲ့တို့ ပူးပေါင်း၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၂၁ပေ၊ ဆည်အလျား ၂၅၀ဒသမ ၅ ပေ၊ ရေလွှဲဆည်ဒီဇိုင်း ရေထုစီးနှုန်း ၁၅၉၀၀ ကုဗပေ/ စက္ကန့်၊ ရေပိုလွှဲ အမျိုးအစား သံကူကွန်ကရစ်၊ ရေပိုလွှဲ အကျယ်ပေ ၃၀၊ သဲထုတ်ရေတံခါး အရွယ်အစား ၅ပေ×၆ပေ၊ ရေသွင်းတံခါး အရွယ်အစား ၆ပေ×၁၀ပေ၊ ရေသွင်းတံခါးဒီဇိုင်း ရေထုစီးနှုန်း ၂၀၀ ကုဗပေ/စက္ကန့်၊ တူးမြောင်းမကြီး အလျားပေ ၆၀၈၁၂၊ လက်တံမြောင်း အလျားပေ ၂၇၃၁၁၀၊ ဆည်ရေပေးဝေနိုင်သည့်ဧက ၁၁၇၆၂ဧကဖြစ်သည်။

ဝါရှောင်ရေလွှဲဆည်ကို ချောင်းကူးတံတားအဖြစ် အသုံးပြု သွားလာနိုင်မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝါရှောင်ရေလွှဲဆည်သည် ယခုအခါ သက်တမ်း ၅၃နှစ်ကျော်ခဲ့ပြီဖြစ်၍ သက်တမ်းရင့် ရေလွှဲဆည်တစ်ခုဖြစ်။ ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းမွန်သည့်နှင့်အမျှ ဝါရှောင်ဆည်ရေသောက် ဧရိယာအတွင်း စိုက်ပျိုးထားသော လယ်မြေများ ရေအပြည့်အဝရရှိပြီး နွေစပါး တိုးချဲ့စိုက်ပျိုးရေးကိုပါ အထောက်အကူ ပြုနေပေပြီ။

ဝါရှောင် ရေလွှဲဆည်၏ တူးမြောင်းမကြီးမှတစ်ဆင့် နွေစပါးစိုက်ပျိုးမည့် ကျေးရွာများသို့ ရေများ ဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စိုက်ပျိုးနိုင်

ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်း၌ ဝါရှောင်ကျေးရွာ၊ နန်ဝါကျေးရွာ၊ ဝူယန်ကျေးရွာ၊ မဒိန်ကျေးရွာ၊ မြို့မ(၁)ကျေးရွာ၊ မြို့မ(၂)ကျေးရွာ၊ မြို့မ(၃)ကျေးရွာ၊ မြို့မ(၄)ကျေးရွာ၊ မြို့မ(၅)ကျေးရွာ၊ မုတ်လွဲကျေးရွာ၊ ခတ်ချိုကျေးရွာနှင့် နောင်စီပေါကျေးရွာတို့ပါဝင်ပြီး မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ကြသည်။

တည်ဆောက်ခဲ့

ကချင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီး ရေလွှဲဆည်တစ်ခု တည်ဆောက်၍ ဝိုင်းမော်မြို့နယ်အတွင်း လယ်မြေဧကများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်သည်။ ဝါရှောင်ရေလွှဲဆည်သည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအနီး နန့်မြင်းခချောင်းပေါ်၌ တည်ရှိသည်။

ဆည်ရေပေးဝေနိုင်

ဝါရှောင်ရေလွှဲဆည်သည် ရေဆင်းဧရိယာ ၁၅၈ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၈၈လက်မ၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧက ပေ ၄၃၁၆၀၀၊ ရေလွှဲဆည်အမျိုးအစား အိုဂီးပုံကွန်ကရစ်ရေလွှဲဆည်၊ ဆည်အမြင့် ၂၁ပေ၊ ...

ဝိုင်းမော်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးဝေဖြိုးကျော်က "၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်မှာ ဝါရှောင်ရေလွှဲဆည်ရေသောက်ဧရိယာအတွင်း ပါဝင်တဲ့ ကျေးရွာတွေမှာ နွေစပါးစိုက်ပျိုးမှာ ဖြစ်ပါတယ်။ နွေစပါး တိုးချဲ့စိုက်ပျိုးရေးအတွက် ဝါရှောင်ရေလွှဲဆည်ဟာ အရေးပါတဲ့ အနေအထားမှာရှိပါတယ်။ ဝါရှောင်ရေလွှဲဆည်ကို နှစ်စဉ်ရေကြီးမှုမှ ကာကွယ်ဖို့ ဆည်မြောင်းဦးစီးဌာနရုံးချုပ် ဒီဇိုင်းနဲ့ပုံထုတ်ဌာနခွဲက တွက်ချက်ဒီဇိုင်းထုတ်ထားတဲ့ အကျယ်ပေ ၃၀ရှိ သံကူကွန်ကရစ် ရေပိုလွှဲကို ပွင့်လင်းရာသီမှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဝါရှောင် ရေလွှဲဆည်၏ တူးမြောင်းမကြီးသို့ ရေပို့လွှတ်သည့် ရေထိန်းတံခါးကို တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ခု ဖြစ်သည်။ သို့သော်လည်း ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းမွန်သည့်နှင့်အမျှ ဝါရှောင်ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော လယ်မြေများ ရေအပြည့်အဝရရှိပြီး နွေစပါး တိုးချဲ့စိုက်ပျိုးရေးကိုပါ အထောက်အကူ ပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

ဝါရှောင်ရေလွှဲဆည် တည်ဆောက်ထားသည့် နန့်မြင်းခချောင်းနှင့် နောက်ခံတောင်တန်းအလှကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

အထောက်အကူပြု

ဝါရှောင်ရေလွှဲဆည်ရှိ တူးမြောင်းအဆောက်အအုံများနှင့် သဲနုန်းထုတ်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း တူးမြောင်း အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီ၌ဆောင်ရွက်ပြီး သဲနုန်းထုတ်ခြင်းလုပ်ငန်းကို ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးကို အထောက်အကူပြုမည့်အပြင် ရေလေလွင့်ဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝါရှောင်ရေလွှဲဆည်သည် ယခုအခါ သက်တမ်း ၅၃နှစ်ကျော်ခဲ့ပြီဖြစ်၍ သက်တမ်းရင့် ရေလွှဲဆည်

ဝါရှောင် ရေလွှဲဆည်၏ မိုးစပါး၊ နွေစပါး နှစ်အလိုက် စိုက်ပျိုးနိုင်မှုအခြေအနေ

စဉ်	ခုနှစ်	မိုးစပါးစိုက်ပျိုးမှု	နွေစပါးစိုက်ပျိုးမှု
၁	၂၀၀၃-၂၀၀၄	၁၁၇၆၂	၆၈၀
၂	၂၀၀၄-၂၀၀၅	၁၁၇၆၂	၅၂၂
၃	၂၀၀၅-၂၀၀၆	၁၁၇၆၂	၂၂၄၀
၄	၂၀၀၆-၂၀၀၇	၁၁၇၆၂	၂၁၀၉·၆၃
၅	၂၀၀၇-၂၀၀၈	၁၁၄၅၂	၂၃၂၂

ဝါရှောင်ဆည်၏ ရေကြီးမှုမှတ်တမ်း

စဉ်	ရက်စွဲ	ရေကြီးမှုဖြစ်စဉ်ရောက်ရှိခဲ့သည့် ရေမှတ်(ပေ)	မှတ်ချက်
၁	၁၃-၈-၁၉၈၃	၅၉၄·၅	ပထမအကြိမ်
၂	၂၀-၇-၁၉၈၄	၆၀၂·၀	ဒုတိယအကြိမ်
၃	၇-၉-၂၀၀၀	၅၉၉·၅	တတိယအကြိမ်
၄	၁၁-၈-၂၀၀၃	၆၀၂·၀	စတုတ္ထအကြိမ်
၅	၅-၇-၂၀၀၆	၆၀၀·၀	ပဉ္စမအကြိမ်

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝဒသမ၂ဝလက်မနှင့် မချမ်းဘောမြို့တွင် ဝဒသမ၁၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းများမှ ရွာတော်ကျေးရွာ စက်ရေတွင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းကွင်းဆင်းကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့...

အုတ်...

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်... အားဖြင့် အုတ်ဖိုမြို့နယ် မြို့မရပ်ကွက် မြို့မ(၃)လမ်း ... ထပ်ပိုးလွှာ လမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ... မွန်းလွဲ ၁နာရီက အဆိုပါကတ္တရာထပ်ပိုးလွှာ လ... မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာ... ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်... အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်... လူမှုရေးအသင်းအဖွဲ့များနှင့် မြို့သူမြို့သားများ တက်... ကြသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် အုတ်ဖိုမြို့နယ် စည်ပင်သာ... အဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းက ... လမ်း ကတ္တရာထပ်ပိုးလွှာလမ်းနှင့်ပတ်သက်၍ ရှ...

ဝါရှောင် ရေလွှဲဆည်၏ တူးမြောင်းမကြီးမှတစ်ဆင့် နွေစပါးစိုက်ပျိုးမည့် ကျေးရွာများသို့ ရေများ ဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ခု ဖြစ်သည်။ သို့သော်လည်း ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းမွန်သည်နှင့်အမျှ ဝါရှောင်ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော လယ်မြေများ ရေအပြည့်အဝရရှိပြီး နွေစပါး တိုးချဲ့စိုက်ပျိုးရေးကိုပါ အထောက်အကူ ပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

ဝါရှောင် ရေလွှဲဆည်၏ တူးမြောင်းမကြီးသို့ ရေပို့လွှတ်သည့် ရေထိန်းတံခါးကို တွေ့ရစဉ်။ (သတင်းစဉ်)

...လွှဲဆည်၏ မိုးစပါး၊ နွေစပါး ...စိုက်ပျိုးနိုင်မှုအခြေအနေ

မိုးစပါးစိုက်ပျိုးမှု	နွေစပါးစိုက်ပျိုးမှု
၁၁၇၆၂	၆၈၀
၁၁၇၆၂	၅၂၂
၁၁၇၆၂	၂၂၄၀
၁၁၇၆၂	၂၁၀၉.၆၃
၁၁၄၅၂	၂၃၂၂

...ည်၏ ရေကြီးမှုမှတ်တမ်း

ရေကြီးမှုဖြစ်စဉ်ရောက်ရှိခဲ့သည့် ရေမှတ်(ပေ)	မှတ်ချက်
၅၉၄.၅	ပထမအကြိမ်
၆၀၂.၀	ဒုတိယအကြိမ်
၅၉၉.၅	တတိယအကြိမ်
၆၀၂.၀	စတုတ္ထအကြိမ်
၆၀၀.၀	ပဉ္စမအကြိမ်

● ရှေ့ဖုံးမှ

ကြည့်ရှု

ထို့နောက် ကျိုင်းတုံ - ယမ်းလုရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်း ရှုရပ်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုသည်။

ယင်းနောက် ကျိုင်းတုံ - ယမ်းလုလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းခုတ် တပ်နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ မိုင်းခုတ်တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ ဆေးဝါးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ကုန်များကို ပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းခုတ်မြို့ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံနှင့် ရုံးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နားကောင်းမူကျေးရွာ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မိုင်းတုံမြို့သို့ ရောက်ရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးဝင်းအတွင်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး သုတ၊ ရသစုံ စာအုပ်စာစောင်များကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၏ သုတ၊ ရသ စာအုပ်စာစောင်များ စနစ်တကျထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ပြည်သူများ စာပေကို ပိုမိုဖတ်ရှုလေ့လာနိုင်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား၍ စာကြည့်တိုက်အတွက် ရန်ပုံငွေများကို ပေးအပ်သည်။

ယင်းနောက် မိုင်းတုံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အဝတ်အထည်များနှင့် စားသောက်ကုန်များကို ပေးအပ်သည်။

ပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားကာ အားကစားပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မိုင်းဆတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် မိုင်းဆတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိပြီး အခြေခံအပ်ချုပ်သင်တန်းနှင့် သိုးမွေးစက်ဆွဲသင်တန်း ပို့ချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအတွက် ရန်ပုံငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူး စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က အမှာစကား ပြောကြားပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ တွဲဖက်အတွင်းရေးမှူးက အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ နဝမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အာဋ္ဌာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အမြတ်ဆုံးရတနာ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဧကာဒသမအကြိမ်မြောက် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၆)
- ၈:၃၀ Sports World (Max Power)
- ၈:၅၅ ခတ်တော်ရှင် ကျိုက်ထီးရိုး စေတီတော် ရှမ်းပြည်နယ်(မြောက်ပိုင်း)
- ၉:၁၀ Activities in the City (ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ရောဂါဗေဒ ဆရာဝန်ကြီးများ ညီလာခံ)
- ၉:၃၅ Movie Talk ဒါရိုက်တာ ကြည်စိုးထွန်း၊ အကယ်ဒမီအောင်လွင် (အပိုင်း-၅)
- ၁၀:၂၀ ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ
- ၁၀:၄၀ တောက်ပမှုများနဲ့ ညို့ငင်ရတနာတို့ရဲ့ အရှင်သခင်
- ၁၀:၄၅ Activities in the City
- \- [(၁၉၇၄-၇၈) ရူပဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ]
- \- Dumex World Member Gathering Party
- ၁၁:၂၀ ခတ်တော်ရှင် ကျိုက်ထီးရိုး စေတီတော် ရှမ်းပြည်နယ်(မြောက်ပိုင်း)
- ၁၁:၄၀ Activities in the City (ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ ရောဂါဗေဒ ဆရာဝန်ကြီးများ ညီလာခံ)
- ၁၂:၀၅ Vancouver 2010 Olympic Winter Games
- ၁:၀၀ **အမြတ်ဆုံးရတနာ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ တောက်ပမှုများနဲ့ ညို့ငင်ရတနာတို့ရဲ့ အရှင်သခင်
- ၃:၀၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၁၅ ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၆)
- ၄:၁၀ Activities in the City
- \- [(၁၉၇၄-၇၈) ရူပဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ]
- \- Dumex World Member Gathering Party
- ၄:၄၀ World of Knowledge (Doomsday Volcano)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Beauty Hair & Spa)
- ၆:၄၀ ဖက်ရှင်လမ်းညွှန် (STAG အမျိုးသားဆံသ)
- ၇:၀၀ ဧကာဒသမအကြိမ်မြောက် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၇:၂၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၅ VJ Choice
- ၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင် ဇော်ဝင်းနိုင်(မန်း)နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၆)
- ၁၀:၀၀ ဖက်ရှင်လမ်းညွှန် (STAG အမျိုးသားဆံသ)
- ၁၀:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၃၅ နံနက်ခင်းအလှ
- ၁၀:၄၅ VJ Choice
- ၁၁:၁၀ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချို သရက်သီး)
- ၁၁:၂၀ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင် ဇော်ဝင်းနိုင်(မန်း)နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၁:၅၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
- ၁၂:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

○ ကျောဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်

အမှတ်(၁)ရပ်ကွက်ရှိ စက်ရေတွင်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး အထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိ ဦးခင်အောင်နီက မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ရပ်ကွက်(၁)ဥက္ကဋ္ဌ ဦးစုထံ ပေးအပ်ပြီး တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းကျော်ကျော်က အမှုဆောင်အရာရှိ ဦးခင်အောင်နီထံ ပေးအပ်သည်။

ကုန်ကျငွေ

နှစ်လက်မအချင်း စက်ရေတွင်း ငွေကျပ် သိန်း၂၀၊ ရေဂါလန် ၂၀၀၀ဆံ့ အုတ်ရေကန် ကျပ် ၁၂သိန်း ၈သောင်းနှင့် ရေစက်ရုံအတွက် ကျပ် ၁၁သိန်း ၇သောင်း၊ စုစုပေါင်းကုန်ကျငွေ တန်ဖိုးမှာ ငွေကျပ် ၄၄သိန်းကျော် အကုန်ကျခံ တူးဖော်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နောင်ချို ကံကြီး-နောင်တောကျေးလက်လမ်းပြုပြင်

နောင်ချို ဖေဖော်ဝါရီ ၁၈

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ကံကြီး-နောင်တော ကျေးလက်လမ်း ဖြန့်ခင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ဖေဖော်ဝါရီ ၁ရက်က ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲလွင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆင်ပြေချောမွေ့

အဆိုပါ ဖြန့်ခင်းလမ်းမှာ အရှည်ပေ ၈၈၀၀၊ အကျယ် ၁၀ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၈၃၂၁၅၀၀ အကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၄င်းလမ်းပြီးစီးခဲ့သဖြင့် ကံကြီးကျေးရွာ၊ နောင်တောကျေးရွာနေ ပြည်သူများ ဆက်စပ်သည့် ကျေးရွာများမှ ပြည်သူများသွားလာရေး ပိုမိုလွယ်ကူ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် မိုးရာသီတွင် သွားလာမှုအခက်အခဲ မရှိတော့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ကတ္တရာလမ်းဖွင့်

အုတ်ဖို ဖေဖော်ဝါရီ ၁၈

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်ဖိုမြို့နယ် မြို့မရပ်ကွက် မြို့မ(၃)လမ်း ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီက အဆိုပါကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့သူမြို့သားများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းက မြို့မ(၃)လမ်း ကတ္တရာထပ်ပိုးလွှာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အကုန်အကျခံ

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကတ္တရာ ထပ်ပိုးလွှာလမ်းကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါ မြို့မ(၃)လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသည် အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၈၃သိန်း အကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၁။ ကမ္ဘာ့တစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ အချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ ရောဂါကာကွယ်ထိန်းချုပ်ရေး

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည် -

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထား ဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်း သတင်းပို့ရန်၊

(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

တုရင်တောင်ခြေရှိ မြကန်စိမ်းလန်းစိုပြည်မှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းက မကွေးတိုင်း ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဖန်ခါးစိမ်း စိမ်းလန်းစိုပြည်ရေးနယ်မြေရှိ သစ်စေ့ကြဲခြင်း တိုးချဲ့ဧရိယာ ၁၂၅ဧကနှင့် ၂၀၀၉ခုနှစ် ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၃၅၀တို့သို့ရောက်ရှိရာ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးသည် အပင်များအောင်မြင်ကြီးထွားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောက်မြို့နယ် ရွှေပုံတောင် တမာစိုက်ခင်း ဧက ၉၀၀အတွင်း ၂၀၀၇ခုနှစ် ဖြည့်စွက်အပင် ၆၀၀၀၀စိုက်ပျိုးအောင်မြင်နေမှု၊ တမာစိုက်ခင်းဧက ၉၅၀ ရှင်းလင်းဆောင်မှ ကွန်တိုတန်းစနစ်ဖြင့် အပင်ကြီးများ စိုက်ပျိုးထားရှိမှုနှင့် ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး ဧက ၆၅၀၌ ကွန်တိုတန်းများဖြင့် သစ်စေ့ကြဲစိုက်ပျိုးထားမှုတို့ကို လည်းကောင်း၊ ဂျက်ဆင်ကျောက်အမှုန့်များ ထုတ်လုပ်နေမှု၊ သစ်ရွက်ဆွေးမြေသြဇာ ထုတ်လုပ်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချောက်မြို့ ရွှေပုံတောင် ရပ်ကွက်အတွင်း ကျေးလက်အိမ်ရာ ထူထောင်ရေးစီမံချက် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀စိုက်ပျိုးထားရှိမှု၊ တစ်ရွာ တစ်ဧက ယူကလစ်စိုက်ခင်း စိုက်ပျိုးထားရှိမှု၊ ညောင်ဦးမြို့နယ် မြေသန့်တောင်ရွာ ၂၀၁၀ခုနှစ် ကျေးလက်အိမ်ရာတည်ဆောက်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကစိုက်ပျိုးရန် စက်များဖြင့် ကျင်းတူးနေမှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်း ညောင်ဦးမြို့နယ် တုရင်တောင်ခြေရှိ မြကန်စိမ်းလန်းစိုပြည်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တုရင်တောင်ကာကွယ်တော ကန်ကြီးကုန်းတောင်၌ ၂၀၀၉ခုနှစ် သာမန်စိုက်ခင်း ဧက ၁၀၀သို့ ရောက်ရှိကာ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ညောင်ဦးမြို့နယ် ဖူးကင်းတောင်၌ Korea International Cooperation Agency (KOICA) အထောက်အပံ့ဖြင့် တော်ဝင်သစ်ပင်ကုမ္ပဏီ၏ စိမ်းလန်းစိုပြည်ရေး စိုက်ခင်း ၂၁၅ဧကသို့ ရောက်ရှိပြီး မြေနမူနာ၊ မြေဆွေး နမူနာများနှင့် ပျိုးဥယျာဉ်အတွင်း၌ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်ဦးမြို့နယ် Japan International Cooperation Agency (JICA) ၏ အထောက်အပံ့ဖြင့် စိုက်ပျိုးအောင်မြင်နေသည့် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၃၇၀၀နှင့် ကျောက်ကူးအဆိုပြု ကြိုးပြင်ကာကွယ်တော ကမ္ဘာ့နီဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း စီမံကိန်းတွင် Japan International Forestry Promotion and Cooperation Center (JIFPRO)၏ အထောက်အပံ့ဖြင့် သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ၂၀၀၉ခုနှစ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် စိုက်ခင်း ၇၅ဧကတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်၌ တင်ဝင်းထွန်း ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ပုပ္ပားတောင် လက်ဖက်စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စိုက်ခင်းတာဝန်ခံက လက်ဖက် ၁၉၅ဧက စိုက်ပျိုးပြီးစီးမှု၊ လာမည့် မိုးရာသီတွင် ဧက၁၁၀စိုက်ပျိုးရန် အပင် ၄၄၀၀၀ပျိုးထောင်ထားရှိမှုနှင့် ကျင်းတူးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် စိုက်ခင်းများနှင့် ပျိုးပေါင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ချောက်မြို့နယ်၌ ဂျက်ဆင်ကျောက်အမှုန့်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား အာရှ-ဥရောပဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်အား အာရှ-ဥရောပဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး သံအမတ်ကြီး Mr.Dominique Girard သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးလှမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ပစ္စည်းလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းစီမံချက်အရ ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ် ဦးဆောင်သောအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သက်ကြီးရွယ်အို ဘိုးဘွားများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမှာကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်နှင့်အဖွဲ့ဝင်များသည် မိခင်နှင့်ကလေးသားဖွားခန်း၌ တက်ရောက်နေသော မွေးလူနာရှစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်ပြီး လိုအပ်သည်များ မေးမြန်းဆွေးနွေးမှာကြားသည်။

ပေးအပ်

ထို့နောက် အခမ်းအနားသို့ ကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသော ဘိုးဘွားများ နေအိမ်သို့သွားရောက်၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ၌ စာပေဟောပြောပွဲ ကျင်းပ

သံတွဲ ဖေဖော်ဝါရီ ၁၈

ဂျိတ္တောကျေးရွာ ကမ်းခြေစာပေဝါသနာရှင်များက ကြီးမှူးကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် ပဉ္စမအကြိမ်မြောက် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၀ရက်က သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ ကျွဲသောက်ကုန်း အမကကျောင်းဝင်း၌ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ စာပေဝါသနာရှင် ဦးဇော်ဇော်ထွန်းက ပဉ္စမအကြိမ်မြောက် စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် ကြိုးစားဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းဆွေးနွေးသည်။

ဟောပြော

ထို့နောက် စာပေဟောပြောပွဲကျင်းပရာ ဆရာကောင်းသန့်က ချစ်သူဖတ်ဖို့၊ သမီးလေးဖတ်ဖို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာမသန်းမြင့်အောင်က လူမှုဘဝနှင့် ပရဟိတနယ်ပယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက စာရေးသူမှ စာဖတ်သူသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း IHBC အမှတ်(၂၀၁) ပထမထပ်နေ **I Care Medical Group On Behalf Of Parkway Cancer Centre Singapore** က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အောင်ဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်တို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နေ ဦးအေးသောင်-ဒေါ်စောရှင် မိသားစုက ဒုတိယအကြိမ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

ဆားလင်းကြီးမြို့ အထက ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်ဖွင့်

ဆားလင်းကြီး ဖေဖော်ဝါရီ ၁၈

မုံရွာခရိုင် ဆားလင်းကြီးမြို့ အထက၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဆားလင်းကြီး အထက၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာကြည့်တိုက်ကို ယခင်ကျောင်းအုပ်ဆရာကြီးဦးထွန်းအောင်၊ ယခုလက်ရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးနေဝင်းတို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အဆိုပါ ရွှေရတုစာကြည့်တိုက်အတွက် အလှူရှင်များက ကွန်ပျူတာ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ သုတ၊ ရသစာအုပ်များနှင့်အလှူငွေများကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က လက်ခံယူပြီး ဧည့်သည်တော်များနှင့် အလှူရှင်များက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဩဝါဒစကား

ထို့နောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အဆိုပါကျောင်းပန်းမြတ်သဇင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသန်းဆွေ (ပခုက္ကူ)က ဩဝါဒစကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကာကွယ်ရေး

ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေး မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် ဈေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ်အဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ကြစဉ်။

(မြို့နယ်စည်ပင်)

ချန်ပီယံလိဂ်မြင်ကွင်း

အာကြီးတို့ ရှုံးခဲ့သော်လည်း မျှော်လင့်ချက်ရှိဆဲ ဘေယန်တို့ အိမ်ကွင်း၌ ဖီအိုရင်တီးနားကို အနိုင်ယူ

ဝင်းကျော်ဝင်း - ရေးသည် စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပထမအကျော့ ဒုတိယပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၂နာရီ ၁၅မိနစ်မှာ ဆက်လက် ကစားခဲ့ပါတယ်။ ပေါ်တူဂီမှ ပေါ်တိုနဲ့ အင်္ဂလန်မှ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြသလို ဂျာမနီမှ ဘေယန်မြူးနစ်နဲ့ အီတလီမှ ဖီအိုရင်တီးနားတို့ ကစားခဲ့ကြပါတယ်။

ပေါ်တို-အာဆင်နယ်

ပေါ်တိုအသင်းမှာ ဂိုးသမား ဟီလ်တန်၊ ဘရူနိုအဲဗက်စ်၊ ဖာနန်ဒို၊ မီးခေးလ်၊ ပယ်ရီရာ၊ ဂါဆီယာ၊ ဖယ်လ်ကာအို၊ ဟားလ်နဲ့ ဗာရီလာတို့ လူစုံပါဝင်ကစားခဲ့သလို အာဆင်နယ်အသင်းမှာလည်း ဂိုးသမား ဖာဘီယန်စကီး၊ ဆက်ဂ်နာ၊ ဆိုးကင်းဘဲလ်၊ ဗာမဲလန်၊ ဖာဘရီဂတ်စ်၊ ရိုဆစ်စကီး၊ နာဆရီနဲ့ ရှေ့တန်းမှာ ဘင့်တနာတို့ ပါဝင်ကစားခဲ့ကြပါတယ်။

ပေါ်တိုနဲ့ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ပွဲအစမှာပင် နှစ်သင်းစလုံး အပေးအယူမြန်မြန်ဖြင့် အပြန်အလှန် ထိုးဖောက်ကစားပြီး ၈မိနစ်မှာ ပေါ်တိုရရှိသော အလွတ်တည်ကန်ခွင့်မှတစ်ဆင့် အဲဗက်စ်ကန်သွင်းရာ အာဆင်နယ်ဂိုးသမား ဖမ်းမိခဲ့ပါတယ်။ ၁၁မိနစ်မှာ ပေါ်တိုမှ ဗာရီက အာဆင်နယ်ဘယ်ဘက်အခြမ်းမှ ဆွဲတက်လာပြီး ဂိုးရှေ့ဖြတ်ပို့သောဘောလုံးကို အာဆင်နယ်ဂိုးသမား ဖာဘီယန်စကီး ဆွဲဖမ်းသော်လည်း ဂိုးအတွင်းသို့ သွင်းမိသလိုဖြစ်၍ ပေါ်တိုတို့ ဦးဆောင်ဂိုး ရရှိခဲ့ပါတယ်။

အတွဲညီညီ

အာဆင်နယ်မှ ဖာဘရီဂတ်စ်၊ နာဆရီနဲ့ ရိုဆစ်စကီးတို့ အပေးအယူ အတွဲညီညီဖြင့် ပေါ်တိုဘက်သို့ တိုက်စစ်ဆင်ကစားရာ ၁၈မိနစ်မှာ ထောင့်ကန်ဘောရရှိပြီး ဖာဘရီဂတ်စ်ကန်တင်ပေးရာ ရိုဆစ်စကီးက ခေါင်းတိုက်ပေးသော ဘောလုံးကို ဆိုးကင်းဘဲလ်က ခေါင်းတိုက်၍ အနီးကပ်သွင်းယူတာကြောင့် ချေပဂိုးရရှိခဲ့ပါတယ်။

ကာကွယ်ခဲ့

၂၁မိနစ်မှာ ရိုဆစ်စကီးက ပေါ်တိုဂိုးရှေ့မှ အပြင်းကန်သွင်းရာ ဂိုးသမား ပုတ်ထုတ်ကာကွယ်ခဲ့ပါတယ်။ ပေါ်တိုကစားသမားများ အဝင်အထွက် ကြမ်းကြမ်းဖြင့် အာဆင်နယ်ကိုကစားပြီး အာဆင်နယ်ကလည်း ကစားကွက်မှန်မှန်နဲ့ တိုက်စစ်ဆင်မှုကြောင့် မကြာခဏ ထောင့်ကန်ဘောများ ရရှိပေမယ့် ဂိုးအဖြစ် မဖန်တီးနိုင်ပါဘူး။

၃၅မိနစ်မှာ အာဆင်နယ်တို့ရရှိတဲ့ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဘင့်တနာခေါင်းတိုက်သွင်းသော်လည်း ဂိုးသမား ကာကွယ်နိုင်ခဲ့ပါတယ်။ ပထမပိုင်းမှာ နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားရင်း တစ်ဂိုးစီသရေနဲ့ ပြီးဆုံးခဲ့ပါတယ်။

ပြစ်ဒဏ်ဘော

ဒုတိယပိုင်း ပြန်ကစားရာ ၅၁မိနစ်မှာ အာဆင်နယ်ဂိုးဧရိယာအတွင်း ဆိုးကင်းဘဲလ်က ဂိုးသမားထံ ခြေထောက်နဲ့ ဘောလုံး ပြန်ပေးရာ လက်ဖြင့် ဖမ်းယူခဲ့တာမို့ ပေါ်တိုတို့ ပြစ်ဒဏ်ဘောရရှိပြီး အာဆင်နယ်အသင်းသားများ အဆင်သင့်မဖြစ်မီ ပေါ်တိုမှ

အာဆင်နယ်အသင်းမှ ဆိုးကင်းဘဲလ် ပေါ်တိုဘက်သို့ ခေါင်းတိုက်၍ ချေပဂိုးကို ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဖယ်ကာအိုက သွင်းယူ၍ ဂိုးရရှိခဲ့ပါတယ်။ အငြင်းပွားဖွယ်ဂိုးဖြစ်သော်လည်း ဘောလုံးဥပဒေအတွင်းမှဖြစ်၍ အာဆင်နယ်တို့ မည်သို့မျှ မတတ်နိုင်ချေ။ အာဆင်နယ်တို့ ကစားကွက်ကောင်းသော်လည်း ပေါ်တိုကစားသမားများ ဖြတ်တောက်ပိတ်ဆို့မှုကောင်း၍သာ ပွဲအပြီးမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

ဒါပေမယ့် အာဆင်နယ်တို့ အဝေးကွင်းမှာ ဂိုးသွင်းနိုင်တာကြောင့် အိမ်ကွင်း အီးမရိတ်စ်မှာ ကစားတဲ့အခါ နောက်တစ်ဆင့် တက်လှမ်းဖို့ မျှော်လင့်ချက်ရှင်သန်ဆဲပါ။

ဘေယန်မြူးနစ် အသင်းသားများ ဖီအိုရင်တီးနားဘက်သို့ အနိုင်ဂိုးသွင်းယူပြီးနောက် အောင်ပွဲခံ ပျော်မြူးကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘေယန်မြူးနစ်-ဖီအိုရင်တီးနား

ဂျာမန်အသင်း ဘေယန်မြူးနစ်က အီတလီအသင်း ဖီအိုရင်တီးနားကို အိမ်ရှင်အဖြစ်နဲ့ ဧည့်ခံကစားခဲ့ပါတယ်။ ဘေယန်မြူးနစ်မှာ ဂိုးသမား ဘတ်၊ ဖိလစ်လမ်း၊ ဗန်ဘန်တန်၊ ရော်ဘင်၊ ဗွန်မဲလ်၊ ရှဝိန်းစတိုင်ဂါ၊ ရစ်ဘာရီ၊ ဂိုမက်ဇ်နဲ့ မူလာတို့ ပါဝင်ကစားသလို ဖီအိုရင်တီးနားမှာလည်း ဂိုးသမား ဖရေး၊ ဆီဗက်စထရီ၊ နာတာလီ၊ ဂေါ်ဘီ၊ မွန်တိုလီဗို၊ ဘိုလက်တီ၊ ဂျိုဗီတက်၊ ဗားဂက်စ်နဲ့ ဂျီလာဒီနိုတို့ အဓိက ကစားသမားတွေနဲ့ ဘေယန်ကို ရင်ဆိုင်ခဲ့ပါတယ်။

ဘေယန်မြူးနစ်က တောင်ပံနှစ်ဖက်မှ ရော်ဘင်နဲ့ ရစ်ဘာရီတို့ ထိုးဖောက်မှုနဲ့ ကစားခဲ့ပြီး ဖီအိုရင်တီးနားကလည်း ဂျီလာဒီနိုကို ရှေ့တန်းက အားပြုကစားခဲ့ပါတယ်။ ပထမပိုင်း ပွဲပြီးဆုံး၍ လေလွင့်ကစားချိန် ၃မိနစ်မှာ ဖီအိုရင်တီးနားဂိုးအတွင်း ရစ်ဘာရီကို အဖျက်ကြမ်းမှုကြောင့် ဘေယန်တို့ ပယ်နယ်တီရရှိခဲ့ပါတယ်။ ပယ်နယ်တီကို ရော်ဘင်က ဖီအိုဂိုးသမား ညာဘက်ထောင့်သို့ ကန်သွင်းခဲ့လို့ ပထမပိုင်းမှာ ဘေယန်တို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရနေပါတယ်။

ဒုတိယပိုင်းပြန်ကစားရာမှာ ဘေယန်တို့ ဖီအိုနောက်တန်းကို ထိုးဖောက်နိုင်သော်လည်း ဂိုးသမားကာကွယ်မှုကောင်းသောကြောင့် ဂိုးမရခဲ့။ မိနစ် ၅၀မှာ ဖီအိုမှ ဂေါ်ဘီပေးတာမှတစ်ဆင့် ကရော့ဒက်က ချေပဂိုးသွင်းယူတဲ့အတွက် တစ်ဂိုးစီ သရေကျနေပါတယ်။ ၆၆မိနစ်မှာ ဘေယန်မှ ဂိုမက်ဇ်အစား အိုလစ်နဲ့ မူလာအစား ကလိုဆေးတို့ဝင်လာပြီးနောက် ဘေယန်တို့ ဖိကစားခဲ့ပါတယ်။ ပွဲပြီးခါနီး ၈၉မိနစ်မှာ အိုလစ်ပေးသော ဘောလုံးကို ကလိုဆေးက ခေါင်းတိုက်သွင်းခဲ့တာမို့ ပွဲအပြီးမှာ ဘေယန်တို့ ဖီအိုကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။

ဘေယန်တို့ ဖီအိုကို အနိုင်ရခဲ့ပေမယ့် ဖီအိုအိမ်ကွင်းမှာ သွားကစားတဲ့အခါ လျှော့မတွက်ဘဲ သေသေချာချာ ကစားမှသာ နောက်တစ်ဆင့် တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်

ညောင်တုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ညောင်တုန်း ဖေဖော်ဝါရီ ၁၈

ညောင်တုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဒီဇင်ဘာ ၃၁ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးမောင်အေး(မောင်အေး-ညောင်တုန်း) **(ယာပုံ)**က အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ပန်းလှိုင်မြေ)က မြို့နယ် မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရွေးချယ်

ထို့နောက် နာယက ဦးမောင်အေး (မောင်အေး-ညောင်တုန်း)၊ ဥက္ကဋ္ဌ ဦးတင်ရွှေ(မောင်နေလင်း-ပန်းလှိုင်မြေ)၊ အတွင်းရေးမှူး ဦးမျိုးဆွေ(မောင်ရဲမွန်-ညောင်တုန်း)၊ ဘဏ္ဍာရေးမှူး ဦးအောင်ဆွေဦး (မောင်သြဘာ-အယုဗ္ဗေဒ)တို့ ပါဝင်သော အမှုဆောင်အဖွဲ့နှင့် ပဋ္ဌမအကြိမ်ညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးတင်ရွှေ(မောင်နေလင်း-ပန်းလှိုင်မြေ)တို့အား ရွေးချယ်ကြသည်။ **(၁၅၂)**

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

ကျောက်တလုံးကြီး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့်အဖွဲ့သည် ဇန်နဝါရီ၂၁ရက် နံနက်၁၀နာရီက ဝင်းယစံပြကျေးရွာ ဟော်ခွန်စာကြည့်တိုက်သို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌ၊ စာကြည့်တိုက်ကော်မတီနှင့်တွေ့ဆုံကာ စာကြည့်တိုက် မှတ်ပုံတင်ရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း တောင်ကြီး၌ ပညာပေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ အောင်သပြေရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးတင်စိုးရှိန်က လမ်းစည်းကမ်းနှင့်ပတ်သက်သော အချက်များကို ဟောပြောသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက လမ်းအသုံးပြုသူများလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး ရဲအုပ်မြင့်အောင်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်တတ်လေ့ရှိသော ယာဉ်တိုက်မှုများအကြောင်းကို အသီးသီးဟောပြောကြသည်။ **(အောက်ပုံ)**

(ပြည်နယ် ကညန)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ပင်လည်ဘူးမြို့နယ် မံစီလေးစံပြကျေးရွာ ဖွင့်ပွဲကျင်းပ

ပင်လည်ဘူး ဖေဖော်ဝါရီ ၁၈

ကသာခရိုင် ပင်လည်ဘူးမြို့နယ် မံစီလေးစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ကျင်းပသည်။

ဖွင့်လှစ်

ရေးဦးစွာ မံစီလေး စံပြကျေးရွာ မုခ်ဦးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(ဝဲအောက်ပုံ)** ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းထွေးက မံစီလေးစံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများတက်ရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မင်းထွေးက မံစီလေးစံပြကျေးရွာ သုတဗလ စာကြည့်တိုက်သို့ ရုပ်မြင်သံကြားဖမ်းစက်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမင်းအောင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

လက်ဖက်ပျိုးဥယျာဉ်နှင့် နွေစပါးစိုက်ပျိုးထားရှိမှု
တိုင်းမှူးဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် မဲပေါက်ကျေးရွာအုပ်စုရှိ လက်ဖက်ပျိုးဥယျာဉ်နှင့် ဂမုန်းတောင်ကျေးရွာ၌ နွေစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ချီးမြှင့်ငွေပေး

ထို့နောက်တိုင်းမှူးသည် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ချီးမြှင့်ငွေများနှင့် CDMA တယ်လီဖုန်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး CDMA တယ်လီဖုန်းများနှင့် ချီးမြှင့်ငွေများကို ကျေးရွာ ကိုယ်စားလှယ်များထံပေးအပ်သည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဆောက်လုပ်ရေး)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

☆ *ရှေ့ဖုံးမှ*

ကျင်းပရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ဒုတိယပွဲအဖြစ် ဘင်္ဂလားဒေ့ရှ် လက်ရွေးစင် ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဂိုးသွင်းယူ

မြန်မာအသင်းအတွက် ဂိုးများကို ပထမပိုင်း ၁၃မိနစ်တွင် ထွန်းထွန်းဝင်းက စတင်သွင်းယူပေးပြီး ပိုင်စိုးက ၃၁မိနစ်တွင် ဒုတိယဂိုးကို သွင်းယူပေးသည်။

ဘင်္ဂလားဒေ့ရှ်အသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။ မြန်မာအသင်းအနေဖြင့် နှစ်ပွဲကစား နှစ်ပွဲနိုင်ခဲ့သဖြင့် အကြိုဗိုလ်လုပွဲတက်ရန် အခြေအနေကောင်းနေပြီဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲ

အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၂၀ရက်တွင် တာဂျီကစ္စတန်နှင့် ကစားရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ယနေ့နံနက် ၉နာရီတွင် ဧရာဝတီတိုင်း ဖျာပုံမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖျာပုံခရိုင် အင်ဂျင်နီယာမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးရေး၊ စံချိန်စံညွှန်းများ ကိုက်ညီရေးနှင့် မိုးရာသီတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

ရေနံချောင်း ဖေဖော်ဝါရီ ၁၈

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ရေနံချောင်းမြို့ ဘေးမဲ့ရပ်ကွက်၊ ဘေးမဲ့လမ်းအရှည် (ပေ ၁၃၅၀×၁၂ပေ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးလှထွေးတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်းတပ်မြို့ရှိ လိုမ္ဗဆန် - မချုံ - ဆာဒူး ကျေးရွာချင်းဆက် ကားလမ်းဖွင့်
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဖေဖော်ဝါရီ ၁၀ရက်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ နှစ်ခြင်းအသင်းတော်၌ ကန်ပက်လက်ဒေသရှိ အသင်းတော်ခြောက်ခုမှ သင်းအုပ်ဆရာတော်များ၊ ဓမ္မဆရာများနှင့် တရားဟော ဆရာများအား တွေ့ဆုံ၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခြင်း၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦး လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ရက်တွင် ကန်ပက်လက်မြို့နယ် ဘောင်ဘင်ကျေးရွာသို့ ရောက်ရှိပြီး ခရစ်ယာန်အသင်းတော်များသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း၍ တောင်တန်းသာသနာပြုကျောင်းသို့ရောက်ရှိကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေသွယ်ယူရေးအတွက် ဝတ္ထုဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထောက်ပံ့လှူဒါန်း

ဒုတိယဝန်ကြီးနှင့် ချင်းပြည်နယ် ဒုတိယဥက္ကဋ္ဌတို့သည် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျင်ဒွေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဘာသာရေးအသင်းတော်ခြောက်ခုမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းကြသည်။

ထို့နောက် ငါးအော်ကျင်းကျေးရွာသို့ ရောက်ရှိပြီး ငါးအော်ကျင်းသာသနာပြုဆရာတော်အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အောက်ကန့်ကျေးရွာ မူလတန်းလွန်ကျောင်း၌ ဘာသာရေးအသင်းတော်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

တက်ရောက်အားပေး

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ရက်တွင် မော်တော်ယာဉ်များဖြင့် မင်းတပ်မြို့မှ လိုမ္ဗဆန်နှင့် မချုံရွာသစ်တို့သို့ ရောက်ရှိကြပြီး လိုမ္ဗဆန်ကျေးရွာဘုန်းတော်ကြီးကျောင်း ပြင်ဆင်ရန်နှင့် မချုံရွာသစ် ရေသွယ်ယူရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးကြကာ မချုံရွာသစ်၌ ကျင်းပသည့် လိုမ္ဗဆန်- မချုံ- ဆာဒူး ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေး ကားလမ်းဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ရက်က ယှက်ကျေးရွာ၊ လုပ်ခေးကျေးရွာနှင့် ကီးသာကျေးရွာတို့သို့ သွားရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ရက်တွင် မင်းတပ်မြို့ နှစ်ခြင်းအသင်းတော်၌ မင်းတပ်သာသနာ့နယ်အတွင်းရှိ ဘာသာရေးအသင်းတော်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ပြီး အသင်းတော်များအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း၌ ဖေဖော်ဝါရီ ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိဦးဟန်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့ ကျွဲမွေးမြူရေးပညာပေးစခန်း
ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် ညွှန်ကြားရေးမှူး (တိကျန်းဖွံ့) ဒေါက်တာအယ်လ်တူးမိန်းဂေါင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဧရာဝတီတိုင်း ဦးစီးမှူး ဒေါက်တာမြင့်ဌေးနှင့် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၃ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့ ကျွဲမွေးမြူရေး ပညာပေးစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ကျယ်ဝန်း

ကျွဲမွေးမြူရေးပညာပေးစခန်းကို လပွတ္တာမြို့မှ ၁၉မိုင် ၂ဖာလုံအကွာ၌ တည်ဆောက်ထားပြီး ၉၁ဧက ကျယ်ဝန်းသည်။ ကျွဲမွေးမြူရေးပညာပေးစခန်းတွင် နို့စားကျွဲ ၁၃ ကောင်နှင့် ခိုင်းကျွဲ ၁၃ ကောင် စတင်မွေးမြူထားပြီး ရှင်းလင်းဆောင်၌ ကျွဲတင်းကုပ်နှစ်လုံးဆောက်လုပ်ထားကာ ယခုဘဏ္ဍာရေးနှစ်အတွင်း ကျွဲတင်းကုပ် ငါးလုံး၊ စတိုနှင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်သွားမည်ဖြစ်သည်။ စခန်း၌ ကျွဲစာအဖြစ် နေပီယာမြက် ၂ဒသမ ၈ဧက၊ နှံစားပြောင်း ၂ဒသမ ၁၅ဧက၊ ဘောစကိုင်း ၂ဒသမ ၆ဧက နှင့် ဂီနီ၊ ပါရာနှင့် ထိုင်းမြက်မျိုးများ အပါအဝင် စားကျက် ၁၀ဧကခန့် စိုက်ပျိုးထားရှိပြီးဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

အဆိုပါ ကျွဲမွေးမြူရေးပညာပေးစခန်းတွင် ကျွဲကောင်ရေ ၃၀၀ခန့် မွေးမြူသွားမည်ဖြစ်ပြီး ကျွဲမျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာရေးအတွက် မျိုးမြှင့်သားစပ်ခြင်း၊ ထမ်းပိုးလေ့ကျင့်ခြင်း၊ ကျွဲများတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ကျွဲမျိုးကောင်းများ တိုးတက်ပြန့်ပွားလာအောင်ဆောင်ရွက်ပြီး လယ်ယာကဏ္ဍအတွက် အဓိက ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေး ဖေဖော်ဝါရီ ၁၈

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၈ရက်က စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို မြို့သစ်အမှတ်(၃) ရပ်ကွက် ချမ်းမြရောင်ခြည်စာကြည့်တိုက်၌ ကျင်းပသည်။

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြောပွဲ
ချမ်းမြသာစည်တွင် ကျင်းပ

ရှင်းလင်းဆွေးနွေး

ဟောပြောပွဲတွင် မြို့သစ် အမှတ်(၃) ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စောလွင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံရန် စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာ
နေပြည်တော်တပ်ကုန်း၌ ရှင်းလင်းဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော်တပ်ကုန်း တိုင်းရင်းဆေးပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် နေပြည်တော်တပ်ကုန်းမြို့နယ် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးမှုကို ကျေးရွာ၊ ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ရက်က နေပြည်တော်တပ်ကုန်း မြို့နယ် အောင်ဇေယျရပ်ကွက်တွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မာလွင်နှင့် တိုင်းရင်းဆေးဆရာများက မြန်မာတိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောကြပြီး စစ်ဆေးကုသမှုများ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ကူညီပံ့ပိုး

ထိုသို့ဆောင်ရွက်ရာတွင် အောင်ဇေယျရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြောင်း သိရသည်။ **(ဝဇ၁)**

19-2 (12).pmd 1 2/19/2010, 1:45 AM

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီမှ မြေနှင့်အဆောက်အအုံ၊ တိုက်ခန်းနှင့်မြေကွက် စုစုပေါင်း ၃၂ ခုတို့ကို ရောင်းချမည်ဖြစ်ပါသည်။

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်ရက်နှင့်နေရာ** - ၂၂-၂-၂၀၁၀ရက်မှစ၍ ၅-၃-၂၀၁၀ရက်အထိ ရုံးချိန်အတွင်း
(က) နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီ ရုံးအမှတ်(၃၂) နေပြည်တော်။
(ခ) မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၂၂၈-၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။
(ဂ) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန။

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီ ရုံးအမှတ်(၃၂) နေပြည်တော်။

၄။ **အဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၅-၃-၂၀၁၀ ရက် နံနက် ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

၅။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၃၃၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ
ရုံးအမှတ်(၃၂)၊နေပြည်တော်။

ရောင်းချမည့်တိုက်ခန်း၊ မြေနှင့်အဆောက်အအုံ မြေကွက်စာရင်း

စဉ်			တည်နေရာ	အကျယ်အဝန်း
၁			**သမဝါယမဝန်ကြီးဌာန** **တိုက်ခန်း**	
	၁		**ကျောက်တံတားမြို့နယ်**	
		၁	အမှတ်(၁၆၈)၊ အနော်ရထာလမ်း၊	
			အခန်းအမှတ်(၀၀၂)၊ မြေညီထပ်၊	(အလျား ၁၂.၅'×အနံ ၅၀')
			အခန်းအမှတ်(၀၀၅)၊ ဒုတိယထပ်၊	(အလျား ၁၂.၅'×အနံ ၅၀')
			အခန်းအမှတ်(၀၁၆)၊ အပေါ်ဆုံးထပ်၊	(အလျား ၁၂.၅'×အနံ ၅၀')
		၂	အမှတ်(၁၂၀)၊ ဆိပ်ကမ်းသာလမ်း၊	(အလျား ၁၂.၅'×အနံ ၆၀') မြေညီထပ်တိုက်ခန်း
		၃	အမှတ်(၁၂၁)၊ အနော်ရထာလမ်း၊	(အလျား ၉.၅'×အနံ ၁၃.၅') မြေညီထပ်
		၄	အမှတ်(၁၂၄)၊ ဆိပ်ကမ်းသာလမ်း၊	(အလျား ၁၂.၅'×အနံ ၆၀') မြေညီထပ်တိုက်ခန်း
	၂		**ပန်းဘဲတန်းမြို့နယ်**	
		၅	အမှတ်(၃၃)၊ ကုန်ဈေးတန်းလမ်း၊	(အလျား ၁၂.၅'×အနံ ၆၀') မြေညီထပ်
		၆	အမှတ်(၃၈၅/၃၈၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊	(အလျား ၉.၅'×အနံ ၈.၅') မြေညီထပ် နံရံကပ်အခန်းနှစ်ခန်း
	၃		**လမ်းမတော်မြို့နယ်**	
		၇	အမှတ်(၆၂၄)၊ ကမ်းနားလမ်း၊	(အလျား ၁၂'×အနံ ၂၂') မြေညီထပ်
	၄		**လသာမြို့နယ်**	
		၈	အမှတ်(၆၈၄)၊ မဟာဗန္ဓုလလမ်း	(အလျား ၁၂'×အနံ ၄၅') မြေညီထပ်တိုက်ခန်း
		၉	အမှတ်(၆၉၃)၊ မဟာဗန္ဓုလလမ်း	(အလျား ၁၄'×အနံ ၅၀') ပထမထပ်
		၁၀	အမှတ်(၄၄၀)၊ ကမ်းနားလမ်း	(အလျား ၁၈'×အနံ ၁၀၀') မြေညီထပ်
		၁၁	အမှတ်(၁၃၂)၊ ၂၁ လမ်း	(အလျား ၁၂'×အနံ ၅၀') မြေညီထပ်တိုက်ခန်း
		၁၂	အမှတ်(၇၂၂-အေ)၊ မဟာဗန္ဓုလလမ်း	(အလျား ၁၀'×အနံ ၅၀') မြေညီထပ်တိုက်ခန်း
		၁၃	အမှတ်(၅)၊ ဗိုလ်ရွဲလမ်း	(အလျား ၈'×အနံ ၁၀') မြေညီထပ်တိုက်ခန်း
		၁၄	အမှတ်(၆၉)၊ ကျုံးကြီးလမ်း	(အလျား ၁၂'×အနံ ၂၃') (အလျား ၇'×အနံ ၅.၅') (၂၃၇.၅)စတုရန်းပေ၊မြေညီထပ်တိုက်ခန်း
	၅		**ဗိုလ်တထောင်မြို့နယ်**	
		၁၅	အမှတ်(၄၃၈)၊ကုန်သည်လမ်း၊	(အလျား ၂၅'×အနံ၅၀') မြေညီထပ်တိုက်ခန်း
	၆		**မင်္ဂလာတောင်ညွန့်မြို့နယ်**	
		၁၆	အမှတ်(၄၅၃)၊ သိမ်ဖြူလမ်း၊	(အလျား ၁၂.၅'×အနံ ၅၀') မြေညီထပ်တိုက်ခန်း
			မြေနှင့်အဆောက်အအုံ	
	၁		**လမ်းမတော်မြို့နယ်**	
		၁၇	အမှတ်(၇၈၆)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း	(အလျား ၁၀'×အနံ ၁၀')သွပ်မိုး၊သွပ်ကာ တစ်ထပ်အဆောက်အအုံတစ်လုံး
၂			**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** **တိုက်ခန်း**	
	၁		**ကျောက်တံတားမြို့နယ်**	
		၁၈	အမှတ်(၁၁)၊ ၃၄လမ်း	(အလျား ၂၀'×အနံ ၄၇') မြေညီထပ်တိုက်ခန်း
		၁၉	အမှတ်(၁၅၃)၊ ၃၇လမ်း	(အလျား ၂၅'×အနံ ၄၀') မြေညီထပ်တိုက်ခန်း
		၂၀	အမှတ်(၁၅၅/၁၅၇)၊ ၃၇လမ်း	(အလျား ၄၀'×အနံ ၄၀') မြေညီထပ်တိုက်ခန်း
		၂၁	အမှတ်(၂၅၆/၂၇၆)၊ အခန်းအမှတ်(၄) မဟာဗန္ဓုလပန်းခြံလမ်း၊	(အလျား ၁၂'×အနံ ၆၀') မြေညီထပ်တိုက်ခန်း၊
	၂		**ပန်းဘဲတန်းမြို့နယ်**	
		၂၂	အမှတ်(၁၃၂)၊ ကုန်ဈေးတန်းလမ်း	(အလျား ၆၀'×အနံ ၁၅') မြေညီထပ်တိုက်ခန်း
		၂၃	အမှတ်(၁၇၉)၊ ဗိုလ်ဆွန်ပက်လမ်း	(အလျား ၆၀'×အနံ ၂၅') မြေညီထပ်တိုက်ခန်း
		၂၄	အမှတ်(၄၆/၄၈)၊ ရွှေတိဂုံဘုရားလမ်း	(အလျား ၂၅'×အနံ ၆၀') မြေညီထပ်တိုက်ခန်း
	၃		**လသာမြို့နယ်**	
		၂၅	အမှတ်(၃၄၂)၊ ကမ်းနားလမ်း၊	(အလျား ၁၆'× အနံ ၆၀') မြေညီထပ်တိုက်ခန်း
	၄		**ဗိုလ်တထောင်မြို့နယ်**	
		၂၆	အမှတ်(၁၇)၊ ၄၂လမ်း၊	(အလျား ၁၂.၅'× အနံ ၅၀') မြေညီထပ်တိုက်ခန်း
			မြေနှင့်အဆောက်အအုံ	
	၁		**ကျောက်တံတားမြို့နယ်**	
		၂၇	အမှတ်(၁၄၂/၁၄၆)၊ ဆူးလေဘုရားလမ်း၊	(အလျား ၉၆'×အနံ ၆၀') သုံးထပ်လုံးချင်းတစ်လုံး
	၂		**ဗိုလ်တထောင်မြို့နယ်**	
		၂၈	အမှတ်(၁၀၇/၁၁၅)၊ ၄၁လမ်း၊	(အလျား ၁၂၅'×အနံ ၄၀') နှစ်ထပ်လုံးချင်းတစ်လုံး
	၃		**ပုဇွန်တောင်မြို့နယ်**	
		၂၉	ပိတောက်လမ်းနှင့် ကမ်းနားလမ်းထောင့်	(အလျား ၃၀'×အနံ ၂၁')သွပ်မိုး၊ သွပ်ကာ၊ မြေစိုက်အဆောက်အအုံ တစ်လုံး၊ ငါးအရောင်းဆိုင်
	၄		**ဒဂုံမြို့သစ်(အရှေ့ပိုင်း)**	
		၃၀	အမှတ်(၅)၊ မင်းရဲကျော်စွာလမ်း၊	(အလျား ၁၂၀'×အနံ ၈၀') RC နှစ်ထပ်တိုက်တစ်လုံး (အလျား ၉၀'×အနံ ၃၀') RC နှစ်ထပ်တိုက်တစ်လုံး၊ ထရန်စဖော်မာတစ်လုံးနှင့် ၄' ပတ်လည် RC ရေစင်တစ်ခု
	၅		**ရွှေပြည်သာမြို့နယ်**	
		၃၁	အမှတ်(၂၄၈)၊ ဘုရင့်နောင်လမ်းနှင့် ဧရာဝတီမြို့ပတ်လမ်းအကြား၊ ဘုရင့်နောင်လမ်းမဘေး	(အလျား ၄၀'×အနံ ၆၀')၊ (အလျား ၃၄'×အနံ ၂၈')ရှိ သွပ်မိုး၊ အုတ်ကာတစ်ထပ်အဆောက်အအုံတစ်လုံး
			မြေကွက်	
	၁		**သဃ်္ဃန်းကျွန်းမြို့နယ်**	
		၃၂	အမှတ်(၁၂/ဃ)၊ လေးထောင့်ကန်လမ်း၊	(အလျား ၁၁၀'×အနံ ၆၀') မြေကွက်တစ်ကွက်

မူကြိုကလေးငယ်များ ကာယ ဉာဏစွမ်းရည်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကျင်းပသော (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် အာဟာရကျွေးမွေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက သဃ်္ဃန်းကျွန်း မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးတက်ရောက် ချီးမြှင့်သည်။

အမှာစကား

ရှေးဦးစွာရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက အဖွင့်အမှာစကား ပြောကြားပြီး တောင်ဥက္ကလာပ မြို့နယ်နှင့် မြောက်ဥက္ကလာပ မြို့နယ်မှ မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည် ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ကလေးငယ်များအား ဆုများ ချီးမြှင့်ပေးကြသည်။ ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင် မိခင်နှင့်ကလေး စောင့်

ဥက္ကဋ္ဌဒေါ်ခင်မြတ်ထွေးနှင့် **(အပေါ်ပုံ)** ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြတို့က မူကြိုရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က မူကြိုကလေးငယ်များအား အာဟာရများ ကျွေးမွေးကြသည်။ (၁၂၁)

မိုးကောင်းမြို့ မြို့မဈေးသန့်ရှင်းရေး ဆောင်ရွက်

မိုးကောင်း ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လစဉ် လပြည့်၊ လကွယ် ဈေးပိတ်ရက်တိုင်း အဖွဲ့ပိုင် မိုးကောင်းမြို့ မြို့မဈေး သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးဆန်းအောင်၊ ဈေးတာဝန်ခံ ဦးအုန်းဝေနှင့် ဝန်ထမ်းများ သားငါးအရောင်းဆိုင်များနှင့် ကွန်ကရစ်ရေမြောင်းများအတွင်း ယင်နှင့် အနံ့အသက်ဆိုးများ ကင်းစင်စေရန် ဆေးကြောသန့်ရှင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ *(၀၀၁)*

ဇန်နဝါရီ ၂၂ရက်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မယ်ဟန်-ရှန့်ခိုက် ကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းဆိုင်ကော်မိန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

အထက(၁) ကန့်ဘလူ မြတ်ဆရာပူဇော်

ကန့်ဘလူ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အမှတ်(၁) အထက်တန်းကျောင်း ၁၉၉၉ခု ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၇နာရီက အထက(၁) ခမ်းမာရုံ၌ ကျင်းပရာ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမ စုစုပေါင်း ၇၀ ကျော်တို့ကို တပည့်ဟောင်း ကျောင်းသား ကျောင်းသူများက အဝတ်အထည်၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဩဝါဒစကား

ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား (အငြိမ်းစား မြို့နယ်ပညာရေးမှူး) ဆရာကြီး ဦးတင်မောင်ဦးက ဩဝါဒစကားချီးမြှင့်သည်။ (၀၂၇)

လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ စတုတ္ထတန်း၌ မြို့နယ်အဆင့် ဘာသာစုံ ပထမဆုရရှိသူ မဂရေစ့်ယုမွန်ကျော်အား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးတို့က ဆုချီးမြှင့်စဉ်။

(ပညာရေး)

နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (လမ်းနှင့်တံတား)ဌာနမှ နေပြည်တော် ပျဉ်းမနား - တောင်ညို လမ်းဘေး နေပြည်တော်စည်ပင် ဧည့်ရိပ်သာအနီး ရွှေကြာပင်ရပ်ကွက် ပတ်လမ်း အကျယ် ၁၈ပေ၊ အရှည်ပေ ၄၂၀၀ရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဌာနစုမှူး ဦးထွန်းလှအောင် ကြီးကြပ်ဆောင်ရွက်စဉ်။

(နေပြည်တော်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား-နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုးတွေ့ရှိသူများအား စနစ်တကျ စောင့်ကြပ်ကုသပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့၌ A(H1N1) ရောဂါပိုး တွေ့ရှိမှုဖြစ်စဉ်များမှာ လူနာသစ်ထပ်မံပေါ်ထွက်ခြင်းမရှိဘဲ ပိုးတွေ့လူနာအားလုံး သက်သာပျောက်ကင်းလျက်ရှိကြောင်း၊ သတ်မှတ်ကာလပြည့်မီအောင် ဆေးရုံတွင် ဆက်လက်ထားရှိ ကုသနေကြောင်း သိရသည်။

ထပ်မံတွေ့ရှိ

A(H1N1) ရောဂါဖြစ်ပွားမှု ဖြစ်စဉ်အသစ်များအနေဖြင့် လွန်ခဲ့သောနှစ်ရက်ခန့်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ ပြင်ပစာသင်ကျောင်းတစ်ခု၌ နှစ်ဦး၊ ရွှေပြည်သာမြို့နယ်ရှိ စက်ရုံတစ်ရုံ၌ သုံးဦး၊ မှော်ဘီမြို့နယ်ရှိ ဘာသာရေးကျောင်းတစ်ခု၌ ခြောက်ဦး ပိုးတွေ့ရှိခဲ့သဖြင့် ဆေးရုံတင်ကုသပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ကျန်းမာရေးဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ အခြားပြည်နယ်/တိုင်းများတွင် ရောဂါဖြစ်ပွားမှုဖြစ်စဉ် ထပ်မံတွေ့ရှိရခြင်းမရှိကြောင်း သိရသည်။

တိကျစွာလိုက်နာ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်များ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ (သတင်းစဉ်)

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု
ရွှေကူမြို့၌ စက်ရေတွင်း၊ ရေစက်ရုံနှင့် အုတ်ရေကန်သစ်ဖွင့်

ရွှေကူ ဖေဖော်ဝါရီ ၁၈

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော နှစ်လက်မစက်ရေတွင်း၊ ရေစက်ရုံနှင့် အုတ်ရေကန်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်၁၀နာရီက ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးခင်အောင်နိုင်က စက်ရေတွင်းသစ်ဖွင့်လှစ်ရခြင်း အချက်အလက်များကို ရှင်းလင်းတင်ပြရာ အမှတ်(၁) ရပ်ကွက် ရပ်မိရပ်ဖ ဦးပြားက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ○

သတင်းဆောင်းပါး-တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့် (ဘီလူးမြို့)
စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

တိမ်ထူထပ်မည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ဝါရှောင်ရေလွှဲဆည်မှ ရေများ စီးဆင်းလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့်(ဘီလူးမြို့)

နွေစပါးတိုးချဲ့စိုက်ပျိုးရေးကို အထောက်အကူပြုလျက်ရှိသည့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်က ဝါရှောင်ရေလွှဲဆည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်သည် မိုးစပါးသာမက နွေစပါးပါ အောင်မြင်ဖြစ်ထွန်းသော ဒေသတစ်ခုဖြစ်သည်။ **"ကချင်ပြည်နယ်သည် စတုတ္ထစပါးကျီဖြစ်ရမည်"** ဟူသော ရည်မှန်းချက်ကို အထောက်အကူပြု ဖြည့်ဆည်းနိုင်ရေးအတွက် ဝိုင်းမော်မြို့နယ်အနေဖြင့် ၂၀၁၀ခုနှစ်တွင် နွေစပါး ၁၀၀၂၈ဧကေ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻